# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပို့တွဲလကွယ် ၊ စနေနေ့ ၊ (9-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၁၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ ပေးပို့သည့် အဖွင့်မိန့်ခွန်း



(၂၀၂၄ ခုနှစ် မတ် ၈ ရက်)

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ကာယသုခ နှစ်ဖြာသောသုခနဲ့ပြည့်စုံကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ မတ် ၈ ရက်ဟာ ကမ္ဘာတစ်ဝန်းလုံးက အမျိုးသမီးများအတွက် အထင်ကရနေ့တစ်နေ့ဖြစ်တဲ့အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ပဲဖြစ်ပါတယ်။ နှစ်စဉ် ဒီနေ့ရောက်တိုင်း အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ပိုမိုအာရုံစိုက်မိလာစေဖို့နဲ့ အရှိန်အဟုန်နဲ့ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထားအကောင်အထည်ဖော်လာစေဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာတစ်ဝန်း ကျင်းပကြမြဲဖြစ်ပါတယ်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်** စာမျက်နှာ - ၁၆

**ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်း ၁၀၀၀ ကျော်ကို စာတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ခွင့်ပြုထား** စာမျက်နှာ - ၂

**အာဆီယံနိုင်ငံများကြား ကာကွယ်ရေးစက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အလားအလာ** ဆောင်းပါး စာမျက်နှာ - ၂၆




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၉ ရက်
အယ်ဒီတာ့အာဘော်

# ကြိုတင်ပြင်ဆင် အယ်နီညိုဖြစ်စဉ်

နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် မတ်လအတွင်း အားအသင့်အတင့်ရှိသော အယ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းထားမှုကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်နိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

အယ်နီညိုဆိုသည်မှာ သမုဒ္ဒရာအတွင်း လှည့်ပတ်စီးဆင်းနေသော ရေပူစီးကြောင်းကို စပိန်ဘာသာဖြင့် ခေါ်ဝေါ်သော အသုံးအနှုန်းတစ်ခုဖြစ်သည်။ ထိုအသုံးအနှုန်းကို အကြောင်းပြု၍ အီကွေတာနှင့် နီးကပ်သော ပစိဖိတ်သမုဒ္ဒရာရပ်ဝန်းတွင် ပုံမှန်ရှိရမည့် အပူချိန်ထက်မြင့်တက်ကာ ပိုမိုပူနွေးနေခြင်းကို အယ်နီညိုဖြစ်စဉ်ဟု အမည်နာမတပ်ခဲ့ကြခြင်းဖြစ်သည်။

အယ်နီညိုဖြစ်စဉ်ကာလအတွင်း စိုက်ပျိုးမွေးမြူကြသူ တောင်သူလယ်သမားများ၊ နေရောင်ထဲ၌ အလုပ်လုပ်ကြသော လုပ်သားပြည်သူများ၊ အားကစားသမားများ၊ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များသည် အပူဒဏ်ကြောင့် ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများနှင့် စိုက်ပျိုးမွေးမြူရေး၌ ရာသီဥတုအခြေအနေကြောင့် လေလွင့်ဆုံးရှုံးမှုတို့ မကြုံတွေ့ရစေရန် သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက အပူဒဏ်ကာကွယ်ရေးနှင့် ရာသီဥတုဆိုင်ရာ အသိပညာပေးနှိုးဆော်ချက်များ၊ အကြံပြုချက်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ကြရပါမည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ဆက်စပ်ဖြစ်ပွားလာနိုင်သော မိုးခေါင်ရေရှားမှုဒဏ်ကြောင့် သောက်သုံးရေအခက်အခဲများ၊ မသန့်ရှင်းသောရေများ သောက်သုံးမိရာမှတစ်ဆင့် ဖြစ်ပေါ်လာမည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အရေပြားဆိုင်ရာရောဂါများကို သတိပြုရမည်။ ထိုကာလမျိုးတွင် ရောဂါပိုးသယ်ဆောင်သည့် ခြင်မျိုးစိတ်များ ပိုမိုပေါက်ပွားလာတတ်သဖြင့် သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆင်တုပ်ကွေး၊ ဇီကာပိုးရပ်ကူးစက်ရောဂါများကိုလည်း သတိရှိကြရပါမည်။ ထိုသို့ ရေနှင့်ဆက်နွယ်သော ရောဂါများ၊ ခြင်များပေါက်ပွားမှုများအပြင် အပူချိန်မြင့်တက်မှုသည် မီးလောင်ကျွမ်းမှု လွယ်လင့်တကူဖြစ်စေနိုင်သည့်အတွက် မီးဘေးအန္တရာယ် ဖြစ်ပေါ်စေသော အပြုအမူတိုင်းကို အသိတရားရှိရှိဖြင့် လုံးဝရှောင်ရှားကြရန် အထူးလိုအပ်လှသည်။

အစွန်းရောက်ရာသီဥတုဖြစ်သော အယ်နီညိုဖြစ်စဉ်ကြောင့် နိုင်ငံတွင်းရှိ ဒေသအရပ်ရပ်တွင် အပူချိန်များ စံချိန်သစ်တင်မြင့်တက်နိုင်သကဲ့သို့ အပူပုံ့တက်တိမ်များကြောင့်လည်း မိုးတိမ်တောင်များ ဖြစ်ပေါ်လာနိုင်ပါသည်။ မိုးတိမ်တောင်များ ရွေ့လျားရာတစ်လျှောက်တွင် လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မိုးသီးကြွေခြင်း စသည့် ပုံမှန်မဟုတ်သော မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် အယ်နီညိုဖြစ်စဉ်ကာလအတွင်း ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် ထိခိုက်နစ်နာဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပါးအောင် သက်ဆိုင်ရာကဏ္ဍအလိုက် တတ်နိုင်သည်များ ကြိုတင်ပြင်ဆင်ခြင်းဖြင့် အယ်နီညိုဖြစ်စဉ်ကို အကောင်းဆုံးရင်ဆိုင်သွားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ၁၀၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ခွင့်ပြုထား



**မန္တလေး မတ် ၈**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များ ပေါ်ထွက်ရေးအတွက် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအမည် စုစုပေါင်း ၁၀၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ခွင့်ပြုထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များမှ ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းများကို ယခုဘဏ္ဍာနှစ်တွင် ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ခြင်း၊ အဏုဇီဝ ဓာတ်ခွဲစမ်းသပ်ခြင်းတို့ဖြင့် ကုန်ပစ္စည်းအမျိုးအမည် ၆၂၀ ကို လျှာထားဆောင်ရွက်ခဲ့ရာ ယနေ့ထိ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ၅၂၀ ကျော်နှင့်အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း ၅၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ခွင့်ပြုထားကြောင်း သိရသည်။

"ဌာနကနေပြီးတော့ လုပ်ငန်းရှင်တွေထုတ်လုပ်မဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ခြင်း နှစ်မျိုးနဲ့ဆောင်ရွက်ပါတယ်။ အခုလက်ရှိမှာ ကုန်ပစ္စည်းအမျိုးအမည် ၁၀၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ပြီး ဆောင်ရွက်ထားရှိပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလဲ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ထုတ်ကုန်ပစ္စည်းတွေကိုပဲ ခွင့်ပြုပေးခဲ့ပါတယ်။ ထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချမဲ့ မိမိတို့ရဲ့ ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှုမဖြစ်မနေပြုလုပ်ရပါတယ်" ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ စမ်းသပ်ပေးခြင်းသည် အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များနှင့် လူသုံးကုန်များ ဖြစ်စေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများကို မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းများပြုလုပ်နေ

**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရန် စာစစ်ဌာနများကို မီးဘေးလုံခြုံရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခြင်းလုပ်ငန်းများပြုလုပ်ပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များတွင် စာစစ်ဌာနပေါင်း ၇၅ ခုကို ဖွင့်လှစ်ထားရှိကြောင်း၊ အဆိုပါ စာစစ်ဌာနများကို မီးဘေးလုံခြုံရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲမဖြေမီကာလတွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး မတ်လ ပထမပတ်မှ စ၍ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းများပြုလုပ်နေကြောင်း၊ စစ်ဆေးပြီး လိုအပ်သည့်မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း မီးလန့်မှုနှင့် မီးလောင်မှုမဖြစ်စေရန် တပ်ဖွဲ့ဝင်များကို တာဝန်ချထားခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး စာစစ်ဌာနတစ်ခုလျှင် နှစ်ဦးသို့မဟုတ် သုံးဦး တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စာမေးပွဲဖြေဆိုစဉ် ကာလအတွင်းမှာ မီးဘေးအန္တရာယ်မဖြစ်ပွားစေဖို့ စာစစ်ဌာနတွေနဲ့ အနီးပတ်ဝန်းကျင်တွေကို စစ်ဆေးတာတွေပြုလုပ်ပေးပါတယ်။ မီးလန့်မှုနဲ့ မီးလောင်မှုဖြစ်ခဲ့ရင် အနီးစပ်ဆုံး မီးသတ်စခန်းတွေက အချိန်နဲ့တစ်ပြေးညီ ထွက်ခွာငြိမ်းသတ်နိုင်အောင် ဆောင်ရွက်ထားပါတယ်။ စာစစ်ဌာနတစ်ခုကို နှစ်ယောက်ဒါမှမဟုတ် သုံးယောက် တာဝန်ချထားပေးမှာပါ။ သန္နိချည်းမဟုတ်ပါဘူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းတာဝန်ချထားပေးမှာပါ။ မီးသတ်ဆေးဘူးပါမယ်။ အရေးပေါ် မီးလန့်မှုဖြစ်ရင် ငြိမ်းသတ်လို့ရအောင်ပါ" ဟု ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၈**

မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်း ငွေကျပ်သိန်း ၁၀၀၀ အောက်မြေကွက်များ အရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပေ (၃၀×၄၀)၊ ပေ (၄၀×၆၀)၊ ပေ (၄၀×၄၀) ရှိ ငွေကျပ် သိန်း ၁၀၀၀ အောက် မြေကွက်များကို အဓိကဝယ်ယူမှုရှိနေပြီး အရောင်းအဝယ်သမားများထက် ကိုယ်တိုင်နေထိုင်ရန် ဝယ်ယူမှုပိုများနေကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက်က အခြားဈေးကွက်တွေလို အတက်အကျမြန်တာမျိုးတော့ မရှိပါဘူး။ ဈေးတန်းတွေက နေရာတစ်ခုမှာ သတ်မှတ်ဈေးနှုန်းနဲ့ ပေါက်ဈေးဆိုတာရှိတယ်။ အဲဒီဟာထက်ပိုပြီး ထူးထူးခြားခြား ပြောင်းလဲဖို့ဆိုရင် နှစ်ချီကြာတတ်တာမျိုးပါ။ ဥပမာ- ချမ်းမြသာစည်အရှေ့ခြမ်း တန်ဖိုးနည်းအိမ်ရာဘက်မှာ လမ်းတင်မြေကွက်တွေက အနည်းဆုံး ငွေကျပ်သိန်း ၇၀၀ လောက် ပေါက်ဈေးရှိနေရာကနေ သိန်း ၁၀၀၀ လောက်ထိ ခုန်တက်သွားတာမျိုးမရှိဘဲ ကာလတစ်ခုထိ စောင့်ဖို့လိုတယ်။ လက်ရှိကတော့ ငွေကျပ် သိန်း ၁၀၀၀ အောက်မြေကွက်တွေ အဝယ်လိုက်နေတာရှိတယ်"ဟု အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ချမ်းမြသာစည်မြို့နယ်၊ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ ငွေကျပ်သိန်း ၁၀၀၀ အောက်ဈေးတန်း မြေကွက်များ ပို၍ အရောင်းအဝယ်ဖြစ်နေပြီး တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာကြသဖြင့် ပေါက်ဈေးထက် ဈေးမြင့်တက်လာကာ မြို့နယ်တိုင်း ရောင်းချလိုမှုများနေဆဲဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄ ၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**စလင်း မတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လက်ပကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို မတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။


စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၆ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၊ ၃၁ လမ်း၊ ၈၅ ဘီလမ်းထောင့်နေ ဦးစန်းဝင်း-ဒေါ်စန်းစန်းမြင့်၊ သမီး-မမိုးဝါလှိုင်၊ မြေး-မောင်စန့်လဝန်းဇိုလ် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ-ဦးမိုးလွင်နှင့် ရုံးအဖွဲ့မှူး-ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၀၈၁ ဧက စိုက်ပျိုးပြီးစီး



**ကောလင်း မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီးကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၀၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၀၈၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာ ၁၃၀၈၁ ဧကစိုက်ပျိုးဖို့လျာထားတာ ရာနှုန်းပြည့်စိုက်ပျိုးပြီးပါပြီ။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၁၂၂၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၀၈ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၈၄၉ ဧက စုစုပေါင်း ၁၃၀၈၁ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၁၂၂၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၀၈ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၈၄၉ ဧက စုစုပေါင်း ၁၃၀၈၁ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မြင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၄သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို ငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပင်လယ်ပန်းကဏန်းပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ပင်လယ်ပန်းကဏန်း ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ပင်လယ်ပန်းကဏန်းပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပင်လယ်ပန်းကဏန်းတွေက ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းတွေကနေ ရရှိတာဖြစ်ပါ တယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ပင်လယ်ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဖေဖော်ဝါရီလထဲမှာ ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မတ်လထဲမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့၊ ထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပန်းကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်ပါ။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ပင်လယ်ပန်းကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း၊**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၉၈)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၆၈ နှစ်ပါ။ ပင်စင်စားတစ်ဦးပါ။ မနှစ်ကကိုဗစ်ဖြစ်ပြီးကတည်းက နေထိုင်မကောင်းပါ။ အစကကတော့ ဆီးမကောင်းတာပါ။ ဆီးကျိတ်ကြောင့်ဆိုပြီး ဆေးတွေစားနေတာလဲ ၁၀ လလောက်ရှိပါပြီ။ ပထမတော့ ဆီးက ညဘက် အသွားများရာကနေ အခုနောက်ပိုင်း ညလဲသိပ်မသွား၊ နေ့လဲ ဆီးနည်းနေပါတယ်။ အထူးကုဆေးစမ်းပြတော့ ကျောက်ကပ်သိပ်မကောင်းဘူး ပြောပါတယ်။ အခုနောက်ပိုင်း တစ်လလောက်အတွင်းမှာ ခြေခုံနှစ်ဖက် တင်းဖောင်းရောင်လာပါတယ်။ ဆရာဝန်က ဆီးဆေးပေးတဲ့အခါ အရောင်ကျသွားပါတယ်။ ဆီးဆေးမသောက်ရင် ပြန်ရောင်လာပါတယ်။ ကျွန်တော့်အဖောအရောင်ရောဂါကို တိုင်းရင်းဆေးနဲ့လဲ ကုကြည့်ချင်ပါတယ်။ အစကကတော့ သဘာဝဆေးပင်၊ အသီးအရွက်တွေနဲ့ ကုသကြည့်ချင်ပါတယ်။ ကျောက်ကပ်အဖောရောဂါနဲ့သင့်မဲ့ဆေးပင်၊ အသီးအရွက်တွေ ညွှန်ပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျောက်ကပ်ရောဂါအတွက် အစွမ်းထက်တဲ့ တိုင်းရင်းဆေးတွေ၊ အသီးအရွက်တွေ၊ ဆေးပင်တွေ အများကြီးရှိပါတယ်။ Herbal Medicine ဆေးပင်ဝါးပင်တွေနဲ့ကုသတာဟာ ဘေးထွက်ဆိုးကျိုး အနည်းဆုံးလို့ ဆေးပညာရှင်တွေက လက်ခံထားပါတယ်။ အသီးအရွက်တွေနဲ့ ကျောက်ကပ်အတွက် အဆင်ပြေမဲ့ နည်းလမ်းတွေကို ပြောပြပေးပါမယ်။ ကျောက်ကပ်ရောဂါအတွက် ကျောက်ဖရုံသီးကို ထက်ခြမ်းခွဲပြီး အစေ့တွေဖယ် အသားချည်းခြစ်ယူပါ။ အဲဒီအသားကို ဖျော်ရည်စက်နဲ့ကြိတ်ပြီး အရည်စစ်ယူပါ။ အဲဒီအရည်မှာ ချင်းကိုကြိတ် အရည်စစ်ယူပြီး ဟင်းစားဇွန်းတစ်ဇွန်းရောထည့်ပါ။ အဲဒီထဲမှာ သကြားကို အနည်းငယ်နီအောင်လှော် တစ်ဇွန်းထည့်ပါ။ အဲဒီနည်းအတိုင်း ကျောက်ဖရုံသီး၊ ချင်း၊ သကြားဖျော်ရည်ဆေးကို ဟင်းစားဇွန်း သုံးဇွန်းကနေ ငါးဇွန်းထိ မနက်၊ ည တစ်နေ့နှစ်ကြိမ်တိုက်ပေးပါ။ ကျောက်ကပ်ရောဂါ၊ ဆီးကြောင့်ဖြစ်တဲ့ အဖောရောဂါ၊ ခန္ဓာကိုယ်အောက်ပိုင်း ဖောရောင်တဲ့ရောဂါတွေ ပျောက်ကင်းစေနိုင်ပါတယ်။ တောဆီးဖြူပင်ကလဲ ဆီးကောင်းပြီး အဖောအရောင်ကျစေပါတယ်။ တောဆီးဖြူပင်တွေဟာ မိုးဦးကျမှာ ပေါပါတယ်။ လယ်ကွင်းပြင်တွေမှာ ပေါက်လေ့ရှိပါတယ်။ နွေရာသီမှာတော့ ရှားပါတယ်။ ဆီးဖြူသီးပင်လို အသီးသေးသေးလေးတွေ စုပြုသီးနေတဲ့ အပင်မျိုးပါ။ ဆီးကိုသန့်စင်စေပြီး ကျောက်ကပ်အဖောရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ဆီးပူဆီးအောင့်ရောဂါ၊ မီးယပ်ဖြူဆင်းရောဂါတွေအတွက်ပါ ကောင်းတဲ့ဆေးပင်မျိုးဖြစ်ပါတယ်။ အပင်တစ်ပင်လုံးနုတ်ပြီး ပဥ္စငါးပါး ရေနွေးနဲ့ကျိုပြီး တစ်နေ့ကို မတ်ခွက်တစ်လုံးကနေ နှစ်လုံးထိ သောက်နိုင်ပါတယ်။ နောက်တစ်နည်းကတော့ ဟင်းဂလာပင်ကိုရှာပါ။ မြစ်ချောင်းရှိတဲ့ နေရာတွေ၊ သဲသောင်ခုံတွေမှာ ကပ်ပြီးပေါက်တဲ့ အပင်မျိုးပါ။ ဟင်းဂလာကိုချဉ်ဖတ်ထည့်ပြီးစားသုံးတတ်ကြပါတယ်။ ဟင်းဂလာပင် ပဥ္စငါးပါးကို အရည်ညှစ်ယူပြီး ရေနွေးအကြမ်းပန်းကန်တစ်လုံးစာ မနက်၊ ညတိုက်ပေးရင် ကျောက်ကပ်အဖောရောဂါ၊ ကိုယ်ရောင်ရောဂါတွေ ပျောက်ကင်းစေနိုင်ပါတယ်။ ကျောက်ကပ်အတွက် ကောင်းတဲ့ နောက်ဆေးပင်တစ်မျိုးကတော့ ကန့်ကလာပင်ပါ။ သူကလဲ သဲခုံသောင်ခုံတွေပေါ်မှာ၊ ရေအစိုဓာတ်ရှိတဲ့ ကုန်းမြေတွေပေါ်မှာ ကပ်ပေါက်တဲ့ အပင်မျိုးပါ။ ကန့်ကလာရွက်ကို အရည်ညှစ်ယူပြီး သောက်လို့ရပါတယ်။ အပင်တစ်ပင်လုံးနုတ်ယူပြီး ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်ရင်လဲရပါတယ်။ ကျောက်ကပ်အဖောရောဂါအတွက် အဖောအရောင်ကျစေတဲ့အပင်



ဆေးဖက်ဝင် ကျောက်ဖရုံသီးများကို တွေ့ရစဉ်။

မျိုးဖြစ်ပါတယ်။ ကျောက်ကပ်မကောင်းသူတိုင်း ရေများများသောက်ပါ။ မြန်မာ့ရိုးရာရေနွေးကြမ်း များများသောက်ပေးရင်လဲ ဆီးကောင်းပြီး အဖောအရောင်ကျစေနိုင်ပါတယ်။ ကျောက်ကပ်၊ ဖောရောင်ရှိသူတွေဟာ ခြေထောက်နှစ်ဖက်ကို တွဲလောင်းချထိုင်ရင် ပိုပြီးတော့ ဖောရောင်စေပါတယ်။ ထိုင်နေတဲ့အခါမှာ ခြေနှစ်ဖက်ကိုဆန့်ပြီး ခုံတစ်ခုံပေါ်မှာ တင်ထားရပါမယ်။ ခြေထောက်ရောင်ရင် ရေမချိုးခင် တမာရွက်ပြုတ်ရည်စိမ်ပေးပါ။ ကနဖော့ရွက်၊ ကနဖော့ပင်တွေကို ပြုတ်ပြီး ရေချိုးပေးရင်လဲ အဖောရောင်ကျစေတယ်လို့ ဆိုပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်မကြာခဏ ခါးနာတတ်ပါတယ်။ အလုပ်ကတော့ အထိုင်မများပါ။ အသွားအလာများပါတယ်။ နေ့ခင်း ဆိုင်ကယ်တော့ စီးရပါတယ်။ တစ်ခါတစ်ရံ ခါးနာရင် ကျောနဲ့ခါးမှာပူအောင့်ပြီး ဆီးလဲနည်းပါတယ်။ ကျောက်ကပ်မှာ ကျောက်တည်ရင် ခါးနာတယ်ဆိုတာမှန်ပါသလား ခင်ဗျာ။ ကျွန်တော်က ဝမ်းလဲချုပ်လေ့ရှိပါတယ်။ တချို့ကပြောတော့ ဆိုင်ကယ်အစီးများရင် ခါးကျီးပေါင်းတက်ပြီး ခါးနာမပျောက်တော့ဘူးလို့ပြောကျတာ မှန်ပါသလား ခင်ဗျာ။ ခါးနာရောဂါအတွက် သင့်တော်မဲ့ဆေးနည်းတွေ ပေးစေလိုပါတယ်။**

ဖြေ ။ ။ ခါးနာရောဂါက ကျောက်ကပ်မှာ ကျောက်တည်လို့ဖြစ်တဲ့ ခါးနာ၊ ခါးရိုးဆစ်၊ အကြောအဆစ်ရောင်လို့ဖြစ်တဲ့ ခါးနာနဲ့ အထိုင်များသူတွေမှာ ဖြစ်လေ့ရှိတဲ့ ကျီးပေါင်းခါးနာဆိုပြီး အခြေခံအနေနဲ့ သုံးမျိုးတွေ့ရှိရတတ်ပါတယ်။ အထိုင်များတာ၊ ကျောက်ကပ်မှာ ကျောက်တည်တာတို့ကြောင့် ရက်ရှည်ခါးနာတတ်ပါတယ်။ ခါးနာအတွက် သင့်တော်မဲ့ဆေးနည်းတွေကို ခါးနာအမျိုးအစားအလိုက် အောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

၁။ ကျောက်ကပ်ခါးနာဖြစ်ရင် တောဆီးဖြူပင်၊ ထိကရုံးပင်ပြုတ်သောက်ပါ။ ကျောက်ဖရုံသီး ဟင်းချိုချက်သောက်ပါ။ မြင်းခွာရွက်ကို အသုပ်လုပ်စားပါ။ ဟင်းချိုချက်သောက်ပါ။

၂။ အကြောအဆစ်ရောင် ခါးနာဖြစ်ရင် မုန်ညင်းဆီ၊ နှမ်းဆီကို နွေးအောင်မီးနဲ့ချက်လိမ်းပါ။ သက်ရင်းကြီးမြစ်သွေးလိမ်းပါ။ အသက်ကြီးသူတွေခါးနာရင် သက်ရင်းကြီးရွက်ကို အိပ်ရာအောက်မှာခင်းအိပ်ရင် ခါးနာသက်သာစေပါတယ်။

၃။ ကျီးပေါင်းတက် ခါးနာဖြစ်ရင် မိသလင်ကိုအမှုန့်ပြုပြီး ပိတ်စနဲ့အထုပ်ထုပ်ပြီး ကြပ်ထုပ်ပြုလုပ်ပါ။ ကျီးပေါင်းနေရာမှာ မုန်ညင်းဆီ၊ နှမ်းဆီ တစ်မျိုးမျိုးလိမ်းပြီး မိသလင်ကြပ်ထုပ်ကို ရေနွေးငွေ့ခံအပူပေးပြီး ခံနိုင်သလောက်ကြပ်ပူထိုးပေးပါ။ ဆီစိမ့်ဝင်အောင်ထိုးပါ။ ကျီးပေါင်းသက်သာစေပါတယ်။ ကျီးပေါင်းတက်တဲ့နေရာ၊ မောက်နေတဲ့နေရာမှာ လိမ်းဆေးအဖြစ် ချင်းခြောက်အမှုန့်နှစ်ဆ၊ လင်းလေအမှုန့် တစ်ဆရောစပ်ပြီး ရေနွေးနဲ့ဖျော်ပြီး လိမ်းကျံပေးပါ။ မိသလင်ဥအစိုကို ထုထောင်းပြီး အရက်ဦးရည်နဲ့ စိမ်ထားပြီး လိမ်းပါ။ ဝံအူမြစ်၊ တောရှောက်မြစ် နှစ်မျိုးကိုသွေးပြီး ပုံမှန်လိမ်းပေးရင် ကျီးပေါင်းတက်တာကို သက်သာစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်တို့မိသားစုမှာ ကလေးတွေကော လူကြီးတွေပါ ဥတုအကူးအပြောင်းဖျားပြီးနောက် အဖျားသက်သာတော့ ချောင်းဆိုးတာကျန်ခဲ့ပါတယ်။ ချောင်းခြောက်ဆိုးနေတာပါ။ လည်ချောင်းတွေလဲနာပါတယ်။ အသံလဲ ပျက်ပါတယ်။ ပျောက်ကင်းအောင် ကုသနိုင်မဲ့ဆေးနည်းတွေ သိလိုပါတယ်။**

ဖြေ ။ ။ ဖျားပြီးနောက် အပူငုပ်ကျန်တဲ့အခါ ချောင်းခြောက်ဆိုးရောဂါ ဖြစ်လေ့ရှိပါတယ်။ ဖျားပြီးနောက် ရေနိုင်နိုင်မချိုးရင်လဲ ချောင်းခြောက်ဆိုးတတ်ပါတယ်။ ချောင်းခြောက်ဆိုးတာမှာ ရိုးရိုးအပူငုပ်ပြီးဆိုးတဲ့ ချောင်းမျိုးရှိသလို အဆုတ်မှာ ရောဂါပိုးကျရောက်ပြီး အဆုတ်မကောင်းလို့ဖြစ်တဲ့ ချောင်းခြောက်ဆိုးတာတွေလဲ ရှိပါတယ်။ အဆုတ်ဆရာဝန်နဲ့ပြပြီး သေချာစစ်ဆေးဖို့တော့ လိုပါတယ်။ အပူငုပ်ပြီးဖြစ်တဲ့ ချောင်းဆိုးရောဂါအတွက် ကုသနည်းတွေကို အောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

၁။ အပူကုန်စေဖို့ မနက်စောစော အုန်းသီးနု အုန်းစိမ်းရည်သောက်ပြီး ရေချိုးပေးပါ။

၂။ အုန်းစိမ်းရည်မှာ ချင်းပါးပါးလှီးထည့်ပြီး မီးနဲ့ဆူရုံလောက် အပူပေးပြီး ခပ်နွေးနွေးသောက်ရင် ရက်ရှည်အပူငုပ် ချောင်းခြောက်ဆိုးတာကို သက်သာ ပျောက်ကင်းစေပါတယ်။

၃။ လောက်သေရွက် လက်တစ်ဆုပ်လောက်ကို ရေနွေးမတ်ခွက် နှစ်လုံးနဲ့ ကျိုပြီး တစ်နေ့ မတ်ခွက်တစ်လုံးစာ သောက်ပေးပါ။

၄။ မီးကွင်းဂမုန်းရွက်ကို အရည်ညှစ်ယူရတဲ့သတ္တုရည်မှာ ဆားလှော်အနည်းငယ်ထည့်သောက်ရင် အသံကပ်ပြီး ချောင်းခြောက်ဆိုးတဲ့ရောဂါကို သက်သာ ပျောက်ကင်းစေပါတယ်။

၅။ ပြည်ပန်းညိုရွက်ကို ထောင်းပြီး အရည်ညှစ်ယူပါ။ အဲဒီအရည် အကြမ်းပန်းကန်တစ်လုံးစာမှာ ပျားရည်တစ်ဇွန်းစပ်သောက်ပါ။

၆။ ချောင်းခြောက်ဆိုးပြီး အသံဝင်ရင် ပြည်ပန်းညိုရွက်ကို ဟင်းချိုချက်ပြီး သောက်ပါ။

၇။ ချောင်းအဆက်မပြတ်ဆိုးရင်၊ အာခေါင်ခြောက်ရင် ရှောက်သီးအရည် သုံးဇွန်း၊ ပျားရည်တစ်ဇွန်းစပ်ပြီး သိန္ဓောဆားအနည်းငယ်ထည့် လျက်ပေးပါ။

၈။ ကြက်သွန်နီဥကြီးကို မီးအုံးပြီး ပူတုန်းစားပါ။

၉။ သင်္ဘောဖိုပင်ရဲ့ အရွက်အဖူးကို မီးမြှိုက်ပြီး အတို့အမြှုပ်ပြုလုပ်စားပါ။

၁၀။ ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်ပါ။ အတို့အမြှုပ်ပြုလုပ်စားပါ။

၁၁။ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ ခေါက်ပြီးစားပါ။ လေပူထပြီး ချောင်းဆိုးတာကို သက်သာစေပါတယ်။

၁၂။ တိုင်းရင်းဆေးအမှတ်(၁) မက်လင်ချဉ်ဆေးကို တိုင်းရင်းဆေးအမှတ် (၇) နွယ်ချိုကဲဆေးနဲ့ ဆတူရောစပ်ပြီး မကြာခဏ လျက်ပေးရင် သလိပ်ကပ်ချောင်းဆိုးတာ၊ ချောင်းခြောက်ဆိုးတာတွေ သက်သာစေနိုင်ပါတယ်။

၁၃။ ချောင်းခြောက်ဆိုးပြီး ရင်ကျပ်ရောဂါရှိရင် ဇော်ဂျီတောင်ဇွေးပင်အရွက်ကော အရိုးပါ နုပ်နုပ်စဉ်းပြီး ဒိုဘာလာသကြားအနည်းငယ်ရောပြုတ်ပြီး တစ်နေ့ မတ်ခွက်တစ်လုံးစာသောက်ပါ။

၁၄။ ကလေးငယ်တွေ ချောင်းခြောက်ဆိုး၊ ချွဲကပ်ရင် ကွမ်းရွက်ကို မီးကင်ပြီး ရင်ဘတ်နဲ့နောက်ကျောမှာ ကပ်ပေးပါ။ ကွမ်းရွက်နဲ့ဆားကိုထုပ်၊ သံပြားပေါ်မှာ မီးဖုတ်ပြာချပြီး အဲဒီပြာကို သံပရာရည်နဲ့ ဖျော်လျက်ပါ။

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး

- အမျိုးသမီးတို့ဘဝ
တွေးဆကာ သုံးသပ်လျှင်၊
အားနွဲ့သူဟု ဆိုပါငြားက
မှားလိမ့်မည်ပြင်၊
မျက်မှောက်ခေတ်တွင်
ရှေ့ဆောင်ထက်ထူးခြား၊
အမျိုးသားများနှင့် ရင်ပေါင်တန်းကာ
စွမ်းလှတကား။

- နိုင်ငံ လူမှု စီးပွား
အားကစားနှင့် ပညာ၊
ရုပ်ရှင် စာပေ ဂီတ
ကဏ္ဍစုံစွာ၊
တိုးတက်ကောင်းမွန်သာယာ
ရှိစေရာရှေးရှုလျက်၊
မိန်းမသားတို့ကြိုးစားရပ်က
ကောင်းမြတ်ထက်မြက်။

- အမျိုးသမီးနှင့် အမျိုးသား
ခွဲခြားနိမ့်ချဆက်ဆံတာ၊
ရှောင်ကြဉ်ရန် အသိတရား
ပွားများကြကာ၊
အရှိန်အဟုန်ကောင်းစွာ
တိုးတက်လာစေရန်အရေး၊
အမျိုးသမီးများတွင်မြှုပ်နှံမှု
ပြုကြစို့လေး။ ။

အညာဇင်ယော်

## မြန်မာ့မီးရထားက အဝေးပြေးရထားခရီးစဉ်များအတွက် မတ် ၈ ရက်မှစတင်၍ ရန်ကုန်-မန္တလေး အထူးရထားခရီးစဉ် ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် မတ် ၈**

မြန်မာ့မီးရထားက အဝေးပြေးရထားခရီးစဉ်များအတွက် ယနေ့မှစတင်၍ ရန်ကုန်-မန္တလေး အထူးရထားခရီးစဉ် ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထား ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။



အဆိုပါ အထူးရထားပြေးဆွဲခြင်းကို ယနေ့မှစတင်၍ အပတ်စဉ်သောကြာနှင့် တနင်္ဂနွေနေ့တိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မှ နံနက် ၁၀ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး မန္တလေးသို့ နံနက် ၃ နာရီ ၁၅ မိနစ်တွင်ရောက်ရှိမည်ဖြစ်ကြောင်း၊ အလားတူ မန္တလေးမှ ည ၉ နာရီ မိနစ် ၃၀ တွင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်သို့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်-မန္တလေး အထူးရထားခရီးစဉ်ကို ဒီနေ့ကနေ စတင်ပြီးတော့ ပြေးဆွဲပေးနေပါတယ်။ ရထားလက်မှတ်ခ နှုန်းထားတွေကတော့ ရိုးရိုးတန်း ငွေကျပ် ၁၂၀၀၀၊ အထက်တန်း ငွေကျပ် ၂၄၀၀၀ သတ်မှတ်ထားပါတယ်။ လမ်းခရီးဘူတာတွေအနေနဲ့ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာတွေမှာ ရပ်တန့်ပေးမှာဖြစ်ပါတယ်"ဟု မြန်မာ့မီးရထား ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြသည်။

လက်ရှိတွင် ရန်ကုန်-မန္တလေး အဝေးပြေး ရထားခရီးစဉ်တွင် နေ့စဉ်ပြေးဆွဲနေသည့် ရန်ကုန်-မန္တလေးအမြန်ရထားနှင့် စာပို့ရထားခရီးစဉ်များကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ စတင်ကာ ရပ်နားထားပြီး ရန်ကုန်မှ မန္တလေးသို့ အမှတ်(၅)အဆန်ရထားခရီးစဉ်နှင့် မန္တလေးမှရန်ကုန်သို့ အမှတ်(၆) အစုန်ရထားခရီးစဉ်ကို ပြေးဆွဲပေးလျက်ရှိကြောင်း ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။

ASH

## ကျောက်ဆည်မြို့နယ် တောတွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ တောတွင်ကျေးရွာ၌ ဆဋ္ဌမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့် အသင်းသား အသင်းသူများအနေဖြင့် စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အမှန်တကယ်လုပ်ကိုင်ပြီး မိသားစုဝင်ငွေ တိုးပွားအောင်ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ တောတွင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်ဖိုး

## နတ်မောက်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် မတ် ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းကုန်းကျေးရွာအုပ်စု ဆီဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက ဆီဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် ငွေစာရင်းပြည့်စုံမှုရှိ၊ မရှိ၊ စာရင်းဇယားထိန်းသိမ်းမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါနတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီဆုံကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ဝ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၄၆ ဒသမ ၁၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ငွေကျပ် ၄၉ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

သူသူ(နတ်မောက်)

# နိုင်ငံတကာ သတင်းများ

## မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး)အုပ်စု၌ ဆွီဒင်နိုင်ငံကအဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ပါဝင်ခွင့်ရရှိ



**စတော့ဟုမ်း မတ် ၈**

ဆွီဒင်နိုင်ငံသည် မတ် ၇ ရက်တွင် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)၌ အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်စတင်ပါဝင်ခွင့်ရခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို စစ်ရေးအရဝင်တိုက်ခဲ့ပြီး နှစ်နှစ်ကျော်အကြာတွင် နေတိုးအုပ်စု၌ အဖွဲ့ဝင်တစ်ဦးအဖြစ် ဆွီဒင်နိုင်ငံပါဝင်လာခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင်စတင်ခဲ့သည့် ယူကရိန်းစစ်ရေးပဋိပက္ခကြောင့် ဆွီဒင်နိုင်ငံသည် ၎င်း၏ အမျိုးသားလုံခြုံရေးမူဝါဒကို ပြန်လည်သုံးသပ်ခဲ့ပြီး နေတိုးအဖွဲ့တွင်ပါဝင်ရန် ကြိုးပမ်းခဲ့သည်။

မတ် ၇ ရက်တွင် ဆွီဒင်ဝန်ကြီးချုပ်အက်ဖ်ခရစ္စတာဆန်သည် နေတိုးအုပ်စု၌ ဆွီဒင်ပါဝင်လာမှုဆိုင်ရာ အပြီးသတ် စာရွက်စာတမ်းများကို အမေရိကန်အစိုးရထံ လက်လွှဲပေးအပ်ခဲ့သည်။

နေတိုးအဖွဲ့ဝင်သစ်များဖြစ်လာကြသည့် ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့သည် ရုရှားနိုင်ငံနှင့် မိုင်ပေါင်း ၈၃၀ထိ နယ်မြေချင်းထိစပ်နေသောနိုင်ငံများဖြစ်သည်။

ဆွီဒင်နိုင်ငံသည် ရှေးယခင်က မည်သည့်စစ်ရေးမဟာမိတ်အုပ်စုတွင်မျှပါဝင်ခြင်းမရှိခဲ့ဘဲ ကြားနေမူဝါဒကျင့်သုံးခဲ့သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဓာတ်ငွေ့အိုးများ ဈေးလျှော့မည့်အစီအစဉ် အိန္ဒိယဝန်ကြီးချုပ်မိုဒီ ကြေညာ

**ဒေလီ မတ် ၈**

အချက်အပြုတ်သုံး ဓာတ်ငွေ့အိုးများ၏ဈေးနှုန်းကို ရူပီး၁၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဒေါ်လာ)လျှော့ချပေးရန် ဆုံးဖြတ်ထားကြောင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီက ယနေ့တွင် ပြောကြားခဲ့သည်။

ဓာတ်ငွေ့အိုး ဈေးနှုန်းများလျှော့ချပေးမည့် အစီအစဉ်ကို ရွေးကောက်ပွဲမကျင်းပမီ ရက်သတ္တပတ်အနည်းငယ်အလိုတွင် ဝန်ကြီးချုပ်မိုဒီက ကြေညာခဲ့ခြင်းဖြစ်သည်။

အမျိုးသားရွေးကောက်ပွဲများမကျင်းပမီ အမျိုးသမီးမဲဆန္ဒရှင်များကိုစည်းရုံးသည့်အနေဖြင့် ဓာတ်ငွေ့အိုးဈေးနှုန်းများလျှော့ချရန် အိန္ဒိယအစိုးရက စီစဉ်ထားခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

၁၄ ဒသမ ၂ ကီလိုဂရမ်ရှိသော အချက်အပြုတ်ဓာတ်ငွေ့အိုးတစ်အိုးလျှင် နယူးဒေလီမြို့၌ ရူပီး၉၀၀ (အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာ) ထိပေါက်ဈေးရှိသည်။

လက်ရှိ အိန္ဒိယအစိုးရသည် ဝင်ငွေနည်းပါးသည့် မိသားစုများအတွက် ငွေသားအထောက်အပံ့ပေးမည့်အစီအစဉ်ကိုလည်း မတ် ၇ ရက်တွင် ကြေညာထားသည်။

အိန္ဒိယနိုင်ငံသည် ယခုနှစ် ဧပြီ သို့မဟုတ် မေလတွင် လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားသည်။

Ref : RT
Trs : KKO

## ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ထရီဆာမေ လွှတ်တော်အမတ်အဖြစ်မှ အနားယူမည်

**လန်ဒန် မတ် ၈**

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ထရီဆာမေသည် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်တော့မည် မဟုတ်ဘဲ လွှတ်တော်အမတ်အဖြစ်မှ အနားယူမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်။

အသက် ၆၇ နှစ်အရွယ် ထရီဆာမေသည် လွှတ်တော်အမတ်အဖြစ် အနားယူရန်ကြေညာထားသည့် ကွန်ဆာဗေးတစ်ပါတီနိုင်ငံရေးသမားများစာရင်း၌ နောက်ဆုံးပါဝင်လာသူဖြစ်သည်။

လွှတ်တော်အမတ်အဖြစ် ၂၆ နှစ်ကြာတာဝန်ယူခဲ့သည့် ထရီဆာမေသည် ဗြိတိန်နှင့် ဥရောပသမဂ္ဂလက်တွဲဖြုတ်ရေးလုပ်ငန်းစဉ်ကို ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ခဲ့ရသူဖြစ်သည်။

ထရီဆာမေသည်ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာရေးလုပ်ငန်း အစီအစဉ်ကိုအကောင်အထည်ဖော်ရန် ၂၀၁၆ ခုနှစ်တွင် ဗြိတိန်ဝန်ကြီးချုပ်တာဝန်ရယူခဲ့သော်လည်းအစီအစဉ်မအောင်မြင်မှုကြောင့် ၂၀၁၉ ခုနှစ်တွင် ရာထူးမှနုတ်ထွက်ပေးခဲ့သည်။

ဗြိတိန်သည် ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက်များအရ ယင်းရွေးကောက်ပွဲ၌ လက်ရှိအာဏာရကွန်ဆာဗေးတစ်ပါတီ အနေဖြင့် လေဘာပါတီကို ရှုံးနိမ့်နိုင်ဖွယ်ရှိသည်။

Ref : Xinhua
Trs : KKO




## နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာပြည်နယ်၌ သေနတ်သမားများက ကျောင်းသားဦးရေ ၂၀၀ ကျော်ကို ပြန်ပေးဆွဲ

**ကူရီဂါ မတ် ၈**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ကာဒူနာပြည်နယ် ကူရီဂါမြို့၌ ကျောင်းသားဦးရေ ၂၀၀ကျော်ကို သေနတ်သမားများက မတ် ၇ ရက်တွင် ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ၂၀၂၁ခုနှစ် နောက်ပိုင်း နိုင်ဂျီးရီးယား၌ ဖြစ်ပွားခဲ့သည့် ကျောင်းသားအရေအတွက်အများဆုံးပြန်ပေးဆွဲခံရမှုဖြစ်သည်။

သေနတ်သမားများသည် ကူရီဂါမြို့အစိုးရစာသင်ကျောင်း၌ နံနက်ပိုင်းကျောင်းသားများ စုဝေးနေစဉ် ကျောင်းသားဦးရေ ၂၀၀ ကျော်ကို ဖမ်းခေါ်သွားခြင်း ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောကြားထားသည်။



သို့သော် ကူရီဂါမြို့ကျောင်းသားများပြန်ပေးဆွဲခံရမှုနှင့်ပတ်သက်၍ ကာဒူနာပြည်နယ်ရဲတပ်ဖွဲ့က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌လက်နက်ကိုင်အဖွဲ့များကပြန်ပေးဆွဲငွေတောင်းခံမှုဖြစ်စဉ်များဖြစ်ပွားမှုမြင့်မားလျက်ရှိသည်။

ကာဒူနာပြည်နယ်၌ နောက်ဆုံးဖြစ်ပွားခဲ့သည့် ကျောင်းသားအများအပြား ပြန်ပေးဆွဲခံရမှုဖြစ်စဉ်မှာ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင်ဖြစ်ပွားခဲ့ပြီး ထိုစဉ်က ကျောင်းသားဦးရေ ၁၅၀ ကျော် ပြန်ပေးဆွဲခံခဲ့ရသည်။

Ref : Xinhua
Trs : KKO

## ကနေဒါနိုင်ငံ အော့တဝါမြို့၌ သီရိလင်္ကာနိုင်ငံသားခြောက်ဦး ဓားထိုးခံရမှုကြောင့်သေဆုံး

**အော့တဝါ မတ် ၈**

ကနေဒါနိုင်ငံ အော့တဝါမြို့၌ မတ် ၆ရက် ညပိုင်းက မိခင်တစ်ဦးနှင့်ကလေးတစ်ဦးအပါအဝင် သီရိလင်္ကာနိုင်ငံသားခြောက်ဦး ဓားထိုးခံရမှုကြောင့် သေဆုံးခဲ့ရသည်။

အဆိုပါ ခြောက်လောင်းပြိုင်အစုလိုက် အပြုံလိုက်အသတ်ခံရမှုဖြစ်စဉ်ကြောင့် ကနေဒါနိုင်ငံ တစ်ဝန်းတုန်လှုပ်ခဲ့ရသည်။

သီရိလင်္ကာနိုင်ငံသား ခြောက်ဦး အသတ်ခံရမှုဖြစ်စဉ်အတွက် မိမိအနေဖြင့် အံ့ဩတုန်လှုပ်မိကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်း ထရူဒိုးက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါလူသတ်မှု ဖြစ်စဉ်အတွက် မီဘာရီယိုဒီမိုင်ဆာ အမည်ရှိအသက် ၁၉နှစ်အရွယ် သီရိလင်္ကာကျောင်းသားတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

အဆိုပါကျောင်းသားကို လူသတ်မှုငါးမှု၊ လူသတ်ရန် ကြံစည်အားထုတ်မှုတစ်မှုတို့ဖြင့် တရားစွဲဆိုထားကြောင်း ကနေဒါရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လူဦးရေတစ်သန်းထိ ရှိသည့် အော့တဝါမြို့သည် ၂၀၂၃ ခုနှစ်တွင် လူသတ်မှု ၁၄မှုသာရှိခဲ့သောမြို့ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ GUSTO သိပ္ပံသုတေသနမိုးပျံပူဖောင်း ၅၇ ရက်ကြာ ပျံသန်းနိုင်ခဲ့



**ဝါရှင်တန် မတ် ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ GUSTO အမည်ရှိ သိပ္ပံသုတေသန မိုးပျံပူဖောင်းသည် ၅၇ ရက်ကြာ ပျံသန်းနိုင်ခဲ့ကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် GUSTO မိုးပျံပူဖောင်းကို အန္တာတိကဒေသ၌ လွှတ်တင်ခဲ့ရာ အဆိုပါမိုးပျံပူဖောင်းသည် လေထုလွှာအတွင်း ရက်ပေါင်း ၅၇ ရက်ထိ ပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။

နာဆာအဖွဲ့သည် GUSTO မိုးပျံပူဖောင်းကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃၁ ရက်က အန္တာတိကဒေသ မက်မာဒိုအခြေစိုက်စခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

GUSTO မိုးပျံပူဖောင်းသည် လေထုလွှာအတွင်း ၅၇ ရက် ခုနစ်နာရီ ၃၈ မိနစ်ကြာ ပျံသန်းခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၆ ရက်တွင် မြေပြင်ပေါ် ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

GUSTO မိုးပျံပူဖောင်းသည် ဘောလုံးကွင်း တစ်ကွင်းစာမျှရှိပြီး အာကာသ စူးစမ်းလေ့လာရေးလုပ်ငန်းအတွက် ရေဒီယိုတယ်လီစကုပ်တစ်ခု တပ်ဆင်ထားကြောင်း သိရသည်။

GUSTO မိုးပျံပူဖောင်းသည် ၅၇ ရက်ကြာအတွင်း ပေ ၁၂၅၀၀၀ အမြင့်တွင် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အပိုးဖစ်ဂြိုဟ်သိမ် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် မတ် ၈**


အပိုးဖစ်အမည်ရှိ ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက မတ် ၇ ရက်တွင် အတည်ပြုလိုက်သည်။

အမေရိကန် သိပ္ပံပညာရှင်များ၏အဆိုအရ အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို ကမ္ဘာ့မြေမျက်နှာပြင်အထက် မိုင် ၂၀၀၀၀ အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

အပိုးဖစ် ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၀၀၀၀ အကွာမှ ဖြတ်ကျော် ပျံသန်းမည်ဖြစ်သော်လည်း ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်မည့်အခြေအနေတွင် မရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ထပ်မံအတည်ပြုထားသည်။

မိမိတို့၏တွက်ချက်မှုအရ အပိုးဖစ်ဂြိုဟ်သိမ်သည် နောင်လာမည့်နှစ် ၁၀၀ အတွင်း ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်မိလိမ့်မည် မဟုတ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အချယ်အစားအားဖြင့် အချင်းမီတာ ၃၃၀ ရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံခန့်က နေအဖွဲ့အစည်း စတင်ပေါ်ထွက်ချိန်ကပင် ကျန်ရှိခဲ့သည့် ဂြိုဟ်သိမ်ဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



**Ref : Russia Today**
**Trs : KKO**


## ရှေးအကျဆုံး ကမ္ဘာဦးသစ်တောကျောက်ဖြစ်ရုပ်ကြွင်းများကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ

**လန်ဒန် မတ် ၈**

ရှေးအကျဆုံး ကမ္ဘာဦး သစ်တော ကျောက်ဖြစ်ရုပ်ကြွင်းများကို ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။







အင်္ဂလန် အနောက်တောင်ပိုင်း ဒေဗွန်ဒွီပ်မှ ဆမ်းမားဆက်နယ်ထိ ဖြန့်ကြက်တည်ရှိနေသော အဆိုပါကမ္ဘာဦးသစ်တော ကျောက်ဖြစ်ရုပ်ကြွင်းများမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၃၉၀ ရှိပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များ တွေ့ရှိထားသည့် ကမ္ဘာဦးသစ်တော၏ သက်တမ်းသည် အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်၌ တွေ့ရှိထားပြီးဖြစ်သည့် ကမ္ဘာဦးသစ်တော၏ သက်တမ်းထက် နှစ်ပေါင်း လေးသန်း ပို၍ ရှေးကျကြောင်း သိရသည်။

ဗြိတိန် ကမ္ဘာဦးသစ်တောရှိ သစ်ပင်များမှာ ယနေ့ခေတ်အုန်းပင်များနှင့်ပုံစံချင်းတူသော Calamophyton ခေါ် အပင်များဖြစ်ကြကြောင်း သိရသည်။

Calamophyton များသည် အမြင့် နှစ်မီတာမှ လေးမီတာထိရှိတတ်ပြီး ကြီးထွားလာချိန်တွင် အကိုင်းအလက်များ ဖြာကျလာတတ်ကြောင်း သိရသည်။

အဆိုပါ Calamophyton တောအုပ်သည် ဒီဗိုနီးယန်းဘူမိခေတ်ကာလ နှစ်ပေါင်း ၄၁၉ သန်းနှင့် ၃၅၈ သန်းကြား ရှင်သန်ခဲ့သော တောအုပ်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဦးနှောက်သွေးကြောများအတွင်း ပလတ်စတစ်အမှုန်များ ရှိနေပါက နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေမြင့်မားနိုင်

**ရောမ မတ် ၈**

ဦးနှောက်အတွင်းသို့ သွေးဖြည့်ဆည်းပေးနေသည့် သွေးကြောများ (Carotid Artery) အတွင်း ပလတ်စတစ်အမှုန်များ ရှိနေပါက နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း မတ် ၇ ရက် သတင်းများအရ သိရသည်။

Carotid Artery သွေးကြောများအတွင်း ပလတ်စတစ်အမှုန်များရှိနေသူများသည် ၎င်းပြဿနာမရှိသူများနှင့် နှိုင်းယှဉ်ပါက နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေပိုမြင့်မားကြောင်း အီတလီသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Carotid Artery သွေးကြောများသည် လည်ပင်း၏တစ်ဖက်တစ်ချက်တွင်ရှိပြီး ဦးနှောက်အတွင်းသို့သွေးပေးပို့သော သွေးကြောများဖြစ်ကြသည်။

အဆိုပါ သွေးကြောများသည် ကိုလက်စထရောစုစည်းမှုကြောင့် နှလုံးသွေးကြောများကဲ့သို့ပင် ပိတ်ဆို့သွားတတ်ကြောင်း သိရသည်။

သို့ရာတွင် Carotid Artery သွေးကြောများ၏ တစ်ရှူးများအတွင်းသို့ ပလတ်စတစ်အမှုန်များလည်း ရောက်သွားနိုင်ကြောင်း အီတလီ သုတေသနပညာရှင်များက ပြောကြားသည်။

ပလတ်စတစ်အမှုန်များ (Microplastics) သည် အရွယ်အစားအားဖြင့် ငါးမီလီမီတာအောက်သာရှိသည့် ပလတ်စတစ်အမှုန်များ ဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တစ်ရက်လျှင် ခြေလှမ်း ၁၀၀၀၀ ထိလျှောက်ပါက နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**ကင်ဘာရာ မတ် ၈**

တစ်ရက်လျှင်ခြေလှမ်း ၁၀၀၀၀ ထိလျှောက်ပေးနိုင်ပါက လူတိုင်းနီးပါးတို့တွင် နှလုံးရောဂါဖြစ်နိုင်ခြေကိုလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၇ ရက်တွင် ပြောကြားသည်။

သြစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် ခြေလှမ်း ၉၀၀၀ နှင့် ၁၀၀၀၀ ကြား လျှောက်ပေးပါက နှလုံးရောဂါဖြစ်နိုင်ခြေကို ၂၁ ရာခိုင်နှုန်းခန့်ထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

နေ့စဉ် ၁၁ နာရီကျော်ထိ အထိုင်များတတ်သူပင်လျှင် ခြေလှမ်း ၁၀၀၀၀ ထိ လျှောက်ခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သြစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

သြစတြေးလျသုတေသနပညာရှင်များသည် လူပေါင်း ၇၂၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်သည့် အတိုင်းအဆသည် နှလုံးရောဂါဖြစ်နိုင်ခြေ ကျဆင်းမှုနှင့်ဆက်စပ်နေသည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

သြစတြေးလျသုတေသနပညာရှင်များ၏အဆိုအရ နေ့စဉ် ခြေလှမ်း ၁၀၀၀၀ ထိ လျှောက်ခြင်းဖြင့် နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေကိုလည်း လျှော့ချနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်များ

ML

**အေဗီလာ Vs စပါး**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပါး ၁ - ၂ အေဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |
| စပါး | - | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

ကြားရက်မှာ ယူရိုပါလိဂ်ကစားခဲ့ရတဲ့ အေဗီလာဟာ ပွဲပန်းမှုရှိနေမှာဖြစ်လို့ တိုက်စစ်ထက်မြက်တဲ့ စပါးနဲ့တွေ့ချိန်မှာ ရုန်းကန်ရမှာပါ။ စပါးအသင်းကတော့ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်ရှိပေမဲ့ တိုက်စစ်ပိုင်းက နောက်ဆုံးငါးပွဲမှာ ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့သလို အခုပွဲမှာခံစစ်ပြင်ဆင်နိုင်ခဲ့ရင် နိုင်ပွဲရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းအားသာချက်နဲ့ ဖိအားပေးလာမဲ့ စပါးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အေဗီလာ ၁ - ၂ စပါး**

**ဝက်စ်ဟမ်း Vs ဘန်လေ**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘန်လေ ၁ - ၂ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| ဘန်လေ | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဝက်စ်ဟမ်းအသင်းဟာ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်ပြီး နောက်ဆုံးအိမ်ကွင်းမှာလဲ လေးဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဘန်လေကတော့ ခံစစ်ပိုင်းတည်ငြိမ်မှုမရှိဘဲ အဘက်ဘက်က အားနည်းချက်တွေရှိနေလို့ ဝက်စ်ဟမ်းအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် ဝက်စ်ဟမ်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝက်စ်ဟမ်း ၃ - ၁ ဘန်လေ**

# အီတလီစီးရီးအေ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

ML

**ဂျူဗင်တပ် Vs အတ္တလန်တာ**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အတ္တလန်တာ ၀ - ၀ ဂျူဗင်တပ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အတ္တလန်တာ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |

ပြီးခဲ့တဲ့ပွဲစဉ်မှာ ပွဲကျပ်ကစားခဲ့ရလို့ ရမှတ်ဆုံးရှုံးထားတဲ့ ဂျူဗင်တပ်ဟာ အခုအိမ်ကွင်းမှာ တိုက်စစ်မြှင့်ကစားပြီး နိုင်ပွဲရှာဖို့ကြိုးစားမှာပါ။ အတ္တလန်တာအနေနဲ့ အသင်းလိုက်ကစားအားရှိပေမဲ့ အဝေးကွင်း အားနည်းချက်ရှိနေတာကြောင့် နောက်ဆုံးအဝေးကွင်းသုံးပွဲဆက်နိုင်ပွဲ မရခဲ့ပါဘူး။ ဒါကြောင့် ဂျူဗင်တပ်နဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျူဗင်တပ် ၁ - ၀ အတ္တလန်တာ**

## အားကစားသတင်း အတိုအထွာများ

- လာမည့်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းကို ပြန်လည်တာဝန်ယူမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းနည်းပြတူချယ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- ဝုဖ်အသင်းက နည်းပြအိုနေးကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးလျက်ရှိပြီး မကြာမီတရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။
- ရောမမြို့တွင်ယှဉ်ပြိုင်ခဲ့သည့် ရိုးမားအသင်းနှင့် ဘရိုက်တန်အသင်းတို့၏ ယူရိုပါလိဂ်ပွဲစဉ်အပြီးတွင် ဘရိုက်တန်အသင်းပရိသတ်နှစ်ဦးဓားထိုးခံရမှုကြောင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရပြီး ယင်းပွဲစဉ်တွင် အိမ်ရှင်ရိုးမားအသင်းက ဘရိုက်တန်ကို လေးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သည်။ ML

# စပါတာပရက်ကို ဂိုးပြတ်အနိုင်ရခဲ့သည့်လီဗာပူးအသင်း ကွာတားဖိုင်နယ်တက်ရောက်ရန်သေချာ

**မက်ဒရစ် မတ် ၈**



ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့အဖြစ် ချက်နိုင်ငံ ပရာဟာမြို့တွင် ကစားခဲ့သည့် စပါတာပရက်နှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်တက်ရောက်ရန်သေချာခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် အဝေးကွင်းတွင် ကစားခဲ့ရသော်လည်း ပွဲစကတည်းက စပါတာပရက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားနိုင်ခဲ့သဖြင့် ပွဲချိန်ခြောက်မိနစ်တွင် မက်အယ်လစ်စတာ၊ ပွဲချိန် ၂၅ မိနစ်နှင့် ၄၅ မိနစ်တွင် နူနက်၊ ပွဲချိန် ၅၃ မိနစ်တွင် လူးဝစ်ဒီယက်ဇ်၊ ပွဲချိန် မိနစ် ၉၀ ကျော်တွင် ဆိုဘော့ဇလိုင်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး စပါတာပရက်အသင်းက ပွဲချိန် ၄၆ မိနစ်တွင် လီဗာပူးအသင်း ကစားသမားဘရက်ဒလေက ကိုယ့်ဂိုးကိုယ်သွင်းယူပေးသည့် သွင်းဂိုးကြောင့် ချေပဂိုးရရှိခဲ့ကာ ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ငါးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် လီဗာပူးအသင်းသည် နည်းပြကလော့ပ်လက်ထက်တွင် သွင်းဂိုး ၁၀၀၀ ဂိုးထိရှိခဲ့သည့် မှတ်တမ်းကောင်းကိုရရှိခဲ့သည်။

လီဗာပူးအသင်းသည် စပါတာပရက်နှင့်ပွဲစဉ်တွင် ခံစစ်ကစားသမား ဂိုမက်ဇ်နှင့်ကွန်နာတီတို့ကို ဒဏ်ရာပြဿနာကြောင့် လူစားလဲခဲ့ရပြီး ဖေဖော်ဝါရီလကတည်းက ဒဏ်ရာကြောင့် အနားယူနေရသည့် တိုက်စစ်မှူးဆာလာဟ် အနေဖြင့် ပွဲချိန် ၇၄ မိနစ်တွင် လူးဝစ်ဒီယက်ဇ်နှင့် လူစားလဲပါဝင်ကစားခဲ့ကြောင်း သိရသည်။

စပါတာပရက် အသင်းသည် လီဗာပူးအသင်းနှင့် ပွဲစဉ်မတိုင်မီ ယခုနှစ်ဘောလုံးရာသီ အိမ်ကွင်းရှုံးပွဲမရှိသေးသည့် အသင်းအဖြစ် ရပ်တည်နေသော်လည်း ယခုပွဲစဉ်တွင် ဂိုးပြတ်ရှုံးနိမ့်မှုကြောင့် စံချိန်ကောင်းတစ်ခု ကျိုးပျက်ခဲ့ရပြီး ဒုတိယအကျော့ပွဲစဉ်ကို လာမည့်မတ် ၁၅ ရက်တွင် ကစားရမည်ဖြစ်ပြီး လီဗာပူးအသင်းက ငါးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ရန် သေချာလျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှိန်းလော်ရီ ဦးဆောင်

**အော်လန်ဒို မတ် ၈**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့တွင်ကျင်းပနေသည့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်လိုဝါနှင့် ဂျပန် ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဟော့ဂျက်စ်၊ ဟန်လေး၊ ဆမ်ဘန်း၊ တီဂါလာတို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်လျက်ရှိသည်။

အိုင်ယာလန် ဂေါက်သီးရိုက်လောက၏ အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမားအဖြစ် သတ်မှတ်ခြင်းခံထားရသည့် ရှိန်းလော်ရီသည် အောင်မြင်မှုများဖြင့်ဝေးကွာခဲ့သည်မှာ ကာလတစ်ခုထိကြာမြင့်နေပြီဖြစ်ပြီး စွမ်းဆောင်ရည်ပိုင်းကလည်း သိသိသာသာကျဆင်းနေသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့တွင်ပုံစံကောင်းပြန်လည်ရရှိကာ အမှတ်ပေးဇယားထိပ်တွင် ရပ်တည်လာနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : AZL**



# အေတီကိုအသင်းက ခံစစ်ကစားသမား အက်ပီလီကျူတာကို သက်တမ်းတစ်နှစ်တိုးကြောင်း ထုတ်ပြန်



**မက်ဒရစ် မတ် ၈**

အေတီကိုအသင်းသည်လာမည့်ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား အက်ပီလီကျူတာကို ၂၀၂၅ ခုနှစ်ထိ သက်တမ်းတစ်နှစ်တိုးခဲ့ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်ရှိ ခံစစ်ကစားသမား အက်ပီလီကျူတာသည် ပြီးခဲ့သည့်နွေရာသီက ချဲလ်ဆီးအသင်းမှ အေတီကိုအသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်ရခဲ့ပြီး အေတီကိုအသင်းနှင့်တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကာ စာချုပ်တွင် သက်တမ်းကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့် ပါရှိနေသဖြင့် အေတီကိုအသင်းတာဝန်ရှိသူများက ၎င်းကို ၂၀၂၅ ခုနှစ်ထိ သက်တမ်းတိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အက်ပီလီကျူတာသည် ယခုနှစ်ဘောလုံးရာသီ အေတီကိုအသင်းတွင် ပြိုင်ပွဲစုံ ၂၂ ပွဲထိပါဝင်ကစားခွင့်ရခဲ့ပြီး ပြီးခဲ့သည့် ဇန်နဝါရီလက ဒဏ်ရာကြောင့် လက်ရှိအချိန်ထိ အနားယူနေရသော်လည်း အသင်းတာဝန်ရှိသူများက ၎င်း၏ခြေစွမ်းပိုင်းကိုသဘောကျသဖြင့် သက်တမ်းတိုးရန်ဆုံးဖြတ်ခဲ့သည်။

အေတီကိုအသင်းသည် ယခုနှစ်လာလီဂါပြိုင်ပွဲတွင် ၂၇ ပွဲကစားအပြီး ရမှတ် ၅၅ မှတ်ရရှိခဲ့သဖြင့် အဆင့်(၄)တွင် ရပ်တည်နေသော်လည်း အဆင့်(၅)မှ ဘီလ်ဘာအိုအသင်းနှင့် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေသောကြောင့်လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ကြိုးစားရမည်ဖြစ်ပြီး ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၆ သင်းအဆင့်သို့ တက်ရောက်ခဲ့ကာ ပထမအကျော့တွင် အင်တာမီလန်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်ရှုံးခဲ့သဖြင့် ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရမှသာ နောက်တစ်ဆင့်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# AFC Women's Football Day 2024 အမျိုးသမီးဘောလုံးပွဲတော်ကျင်းပ




**ရန်ကုန် မတ် ၈**

အာရှဘောလုံးအဖွဲ့ချုပ် အစီအစဉ်တစ်ရပ်ဖြစ်သည့် AFC Women's Football Day 2024 အမျိုးသမီး ဘောလုံးပွဲတော်ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ယနေ့နံနက် ၇နာရီက ဗဟန်းအားကစားကွင်းတွင် ကျင်းပခဲ့ရာ အခြေခံပညာဦးစီးဌာနမှ ကျောင်းသူဦးရေ ၂၅၀ နှင့် ဆရာ၊ ဆရာမ ဦးရေ ၄၀ တို့ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာ အမျိုးသမီးများနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့်ကျင်းပခဲ့သည့် အဆိုပါ အမျိုးသမီး ဘောလုံးပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်မိဘပြည်သူများ၊ ဧည့်သည်တော်များနှင့် ကျောင်းသူများ တက်ရောက်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီးနောက် အမျိုးသမီးဘောလုံးပွဲတော် အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမားများအား အနီအသင်းနှင့်အဖြူအသင်း နှစ်သင်းခွဲကာ သရုပ်ပြခြေစမ်းပွဲကျင်းပခဲ့ပြီး အမှတ်တရလက်ဆောင်များပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာအမျိုးသမီးများနေ့အထိမ်းအမှတ် ဘောလုံးပွဲတော်များကို အာရှဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ STA

# BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဆာဗီလင် တက်ရောက်

**အင်ဒီယန်းဝယ် မတ် ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီယန်းဝယ်မြို့တွင် ကျင်းပနေသည့် BNP Paribas Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဗြိတိန်အဆင့်(၂) တင်းနစ်ကစားသမားဒန်အီဗန်နှင့် ရုရှားတင်းနစ်ကစားသမား ဆာဗီလင်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဗီလင်က (၆-၁ ၊ ၅-၇ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန် နာမည်ကြီးတင်းနစ်ကစားသမားဒန်အီဗန်သည် ယခုနှစ် တင်းနစ်ရာသီတွင် ရလဒ်များဆိုးရွားနေပြီး ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပြိုင်ပွဲ ခြောက်ရပ်ရှိခဲ့ပြီး နိုင်ပွဲနှစ်ပွဲသာရရှိထားသူလည်းဖြစ်သည်။

ဒန်အီဗန်နှင့်ဆာဗီလင်တို့သည် ပြီးခဲ့သော ဖေဖော်ဝါရီလက Los Cabos Open တင်းနစ်ပြိုင်ပွဲတွင် ထိပ်တိုက်တွေ့ဆုံခဲ့ဖူးပြီး ယင်းပွဲစဉ်တွင် ဒန်အီဗန်က အနိုင်ရရှိခဲ့သော်လည်း ယခုတွေ့ဆုံမှုတွင် ဆာဗီလင်က အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ဒန်အီဗန်ကို ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။

ဆာဗီလင်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိကစားခဲ့ရပြီးမှ ပြန်လည်ရှုံးနိမ့်ခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ် ကစားခဲ့ရာတွင် ဆာဗီလင်က ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

ဆာဗီလင်က "ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းက Los Cabos Open တင်းနစ်ပြိုင်ပွဲမှာ ဒန်အီဗန်နဲ့ယှဉ်ပြိုင်ကစားခဲ့ဖူးတယ်။ အဲဒီတုန်းကတော့ ကျွန်တော်သူကိုရှုံးခဲ့တယ်။ အဲဒီပွဲစဉ်မှာတုန်းက ဒန်အီဗန်ရဲ့ ကစားဟန်ကိုလေ့လာခွင့်ရခဲ့တယ်။ ဒါကြောင့် အခုတစ်ကြိမ်တွေ့ဆုံမှုမှာ အကောင်းဆုံးပြင်ဆင်လာခဲ့တယ်။ ပြင်ဆင်ထားတဲ့အတိုင်း ကစားနိုင်ခဲ့တယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ အမှားတချို့ရှိခဲ့လို့ tie-break မှာရှုံးနိမ့်ခဲ့ရတယ်။ အနိုင်ရခဲ့တဲ့ ပွဲငယ်နှစ်ပွဲစလုံးမှာ ပြတ်သားတဲ့ရလဒ်တွေနဲ့ အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်။ ဒုတိယအဆင့်မှာလဲ အခုလိုပဲ ကစားနိုင်အောင် ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဖေဖော်ဝါရီလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများကို နည်းပြအာတီတာနှင့် ဟိုက်လန်းတို့ဆွတ်ခူး




**လန်ဒန် မတ် ၈**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို အာဆင်နယ်အသင်းနည်းပြအာတီတာနှင့် တစ်လတာအကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်းတိုက်စစ်မှူးဟိုက်လန်းတို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်း တိုက်စစ်မှူးဟိုက်လန်းသည် ရာသီအစပိုင်းက သွင်းဂိုးများရရှိရန် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ သွင်းဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဟိုက်လန်းသည် ဖေဖော်ဝါရီလအတွင်း မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လေးပွဲကစားခဲ့ရာတွင် ငါးဂိုးထိသွင်းယူနိုင်ခဲ့သကဲ့သို့ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြသည့် မန်စီးတီးအသင်းမှ ဖိုဒန်၊ဝုဗ်အသင်းမှ ဂျာအိုဂိုမက်၊ဘရိုက်တန်အသင်းမှ ဂရော့ဗ်၊ဖူလ်ဟမ်အသင်းမှ မူနစ်ဇ်၊ အာဆင်နယ်အသင်းမှ ဆာကာနှင့် အေဗီလာအသင်းမှ ဝက်ကင်းတို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အာဆင်နယ်အသင်းနည်းပြ အာတီတာသည်လည်း ယခုနှစ်အတွင်း အသင်းကိုရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်းကစားခဲ့သည့် ပွဲစဉ်များတွင် လီဗာပူးအသင်း၊ ဝက်စ်ဟမ်းအသင်း၊ ဘန်လေအသင်း၊ နယူးကာဆယ်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ဆန်ခါတင်နည်းပြစာရင်းတွင်ပါဝင်ခဲ့သည့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာနှင့်မန်ယူအသင်းနည်းပြ တန်ဟတ်တို့ကို ကျော်ဖြတ်၍ အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **Ref : RT**
**Trs : STA**

# စပိန်လာလီဂါ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်များ

STA

**လက်ပါးမက် Vs ဘီလ်ဘာအို**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘီလ်ဘာအို ၁ - ၀ လက်ပါးမက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ပါးမက် | – | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| ဘီလ်ဘာအို | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(သရေ) |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်တဲ့ ဘီလ်ဘာအိုအသင်းဟာ လက်ပါးမက်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ လက်ပါးမက်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဘီလ်ဘာအိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လက်ပါးမက် ၁ – ၂ ဘီလ်ဘာအို**

**ရီးရဲလ်မက်ဒရစ် Vs ဆဲလ်တာဗီဂို**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆဲလ်တာဗီဂို ၀ – ၁ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | – | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(သရေ) |
| ဆဲလ်တာဗီဂို | – | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်က သရေရလဒ်ကြောင့် ရမှတ်ဆုံးရှုံးခဲ့ရတဲ့ ရီးရဲလ်မက်ဒရစ်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ အမှားခံမှာမဟုတ်ပါဘူး။ ဆဲလ်တာဗီဂိုအသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ ရီးရဲလ်မက်ဒရစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ရီးရဲလ်မက်ဒရစ်အသင်းပဲ နိုင်ပွဲရယူသွားမှာပါ၊

**အင်တာနက်ခန့်မှန်း – ရီးရဲလ်မက်ဒရစ် ၂ – ၀ ဆဲလ်တာဗီဂို**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်လီ Vs ရင်းနက်**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (ည ၁၀:၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရင်းနက် ၂ – ၂ လိုင်လီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | – | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(နိုင်) |
| ရင်းနက် | – | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

ချန်ပီယံလိဂ်ဝင်ခွင့်အတွက်မျှော်လင့်ချက်ရှိနေတဲ့ လိုင်လီအသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ ရင်းနက်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မရှိဘဲ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ လိုရီယန့်အသင်းကိုတောင်ရှုံးနိမ့်ခဲ့ပါတယ်။ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် ပြင်ဆင်လာမဲ့ လိုင်လီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုင်လီ ၁ – ၀ ရင်းနက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

STA

**ဖရန့်ဖတ် Vs ဟော့ဖန်ဟိမ်း**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟော့ဖန်ဟိမ်း ၁ – ၃ ဖရန့်ဖတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | – | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| ဟော့ဖန်ဟိမ်း | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဖရန့်ဖတ်အသင်းဟာ ဟော့ဖန်ဟိမ်းအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဟော့ဖန်ဟိမ်းအသင်းကလဲ နှစ်ပွဲဆက်နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ ဖရန့်ဖတ်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဖရန့်ဖတ် ၂ – ၁ ဟော့ဖန်ဟိမ်း**

# ကဗျာအလှ၊ စာအလှ (၃)

**မန်းတင့်မော်**

ရာသီစက်ဝန်းက ပုံမှန်လည်ပတ်လျက်ရှိသည်။ ဆောင်းအကုန်နွေသို့ရောက်ခဲ့ပြီ။ နွေ၏သရုပ်ဖြစ်သော လေရူးကမွှေ ရွက်ဝါကြွေ၍ ရွက်သစ်ဝေချိန်ရောက်ခဲ့ပြီ။ သည်အချိန်တွင် အခြေခံပညာကျောင်းများပိတ်ကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲကလည်း ဖြေဆိုရတော့မည်။ သဘာဝပတ်ဝန်းကျင်၏လှပမှုက အပြည့်စုံဆုံး လရာသီလည်းဖြစ်သည်။ မြန်မာလများ၏ နောက်ဆုံးလဖြစ်သော တပေါင်းလဘက်ရောက်လုလုဖြစ်သည်။ လတကာ လများတွင် အသာယာဆုံးလဟူ၍လည်း သတ်မှတ်လေ့ရှိကြသည်။ "တပေါင်းသာခေါင် လများနောင်"ဟူ၍လည်း ဆိုရိုးပြုကြသည်။

တပေါင်းလတွင် ကျောင်းပိတ်၍ မိဘရပ်ရွာပြန်ကြရပုံကို ကဗျာဆရာမ "ငွေတာရီ"က လေးချိုးကဗျာတစ်ပုဒ် ရေးဖွဲ့ခဲ့ရာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နွေတပေါင်း
  ရွှေကျောင်းရယ်တဲ့ပိတ်ခဲ့ပြီ။
  ချစ်ခင်သူဆွေအများ
  သွားပေါ့ဌာနီ။
  ငွေတာရီ
  ပြန်ပြီကွဲ့ ရွာကျေး။
  ဝသန်ဆန်းခါမှ
  ရွှင်လန်းစွာ ဆွေအများရယ်နှင့်
  စကားကုန် စုံစုံပြောဖို့ရယ်
  ဇောစိုက်လို့တွေး။ ။

နွေတပေါင်းနှင့်ရွှေကျောင်းကို ကာရန်ယူထားသည့်နဘေထပ်ဟုလည်း ယူနိုင်ပါသည်။ မြန်မာတို့က ရွှေကိုတန်ဖိုးထားသည်။ ရွှေနှင့်ထပ်တူပြုလေ့လည်းရှိသေးသည်။ ရွှေမြန်မာ၊ ရွှေနိုင်ငံ၊ ရွှေကျေး စသည်ဖြင့်လည်း တင်စားခေါ်ဝေါ်လေ့ရှိသည်။ ကျောင်းဟူသည် ပညာသင်ကြားရာနေရာဖြစ်သော်လည်း စာတစ်ခုတည်း သင်ကြားခြင်းမဟုတ်။ လူမှုရေးရာ၊ ယဉ်ကျေးမှုရေးရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများကိုပါ လေ့ကျင့်သင်ကြားပေးရာ နေရာတစ်ခုလည်းဖြစ်ပါသည်။ ကျောင်းနေအရွယ်ကလေးသူငယ်မှအစပြု၍ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူအရွယ်ထိ ကျောင်းသား၊ ကျောင်းသူအချင်းချင်း ထိတွေ့ဆက်ဆံကြရသည်။ ပညာရေးနယ်ပယ်တွင် ဆရာ၊ တပည့်ဆက်ဆံရေး၊ ဆရာအချင်းချင်းဆက်ဆံရေး၊ ဆရာ၊ မိဘနှင့် ကျောင်းသားဆက်ဆံရေး စသည်ဖြင့် လူမှုကဏ္ဍများရှိပါသည်။

ကျောင်းနေဖူးသူတိုင်း သူငယ်ချင်းအပေါင်းအသင်းဟူသည် ရှိစမြဲ။ ကျောင်းနေဖော်၊ ကျောင်းနေဖက်များဟုဆိုနိုင်သည်။ သူငယ်ချင်းက မိတ်ဆွေဆိုသည်ထက် ပိုမည်ဟုထင်ပါသည်။ စားအတူ၊ ကစားအတူ၊ စာသင်စာကျက်အတူတူဟု ဆိုနိုင်ပါသည်။ အလွန်လည်းရင်းနှီးကြသည်။ စိတ်ဆိုးစိတ်ကောက်လျှင်လည်းခဏပင်။ တစ်နှစ်တာပညာသင်ကာလပြီးဆုံး၍ အသီးသီးကိုယ့်ရပ်ကိုယ့်ဌာနေသို့ ပြန်ကြရပြီ။ စာဆိုငွေတာရီက ချစ်ခင်သူဆွေအများဟု ငယ်ပေါင်းဆွေတို့ပြန်ချိန်ကို လွမ်းသံဖြင့်ကဗျာဖွဲ့သည်။ တက္ကသိုလ်ကျောင်းပိတ်ချိန်ဟု ခန့်မှန်းရပါသည်။ အများနည်းတူ ကဗျာဆရာမကလည်း မိဘများရှိရာဒေသသို့ ပြန်ပြီဟုဆိုပါသည်။ ဤနေရာတွင်စာဆိုက ကျေးရွာဟူသောအသုံးကို စကားလုံးပြောင်းပြန်ယူလျက် "ရွာကျေး"ဟု စပ်ဆိုထားရာ တစ်မျိုးလှနေသည်ဟု ခံစားရပါသည်။

ကျောင်းကြီးတံခါးပိတ်လျှင် အိမ်သို့ပြန်ကြရစမြဲပင်။ သို့သော် ကျောင်းတံခါးပိတ် အိမ်မပြန်ချင်သူများလည်း ရှိတတ်သေးသည်။ ရန်ကုန်တက္ကသိုလ်၏ ဒေသအမှတ်အသားများထဲတွင် ဘွဲ့နှင်းသဘင်ခန်းမနှင့်အတူ သစ်ပုပ်ပင်ကြီးကလည်း အပါအဝင်ဖြစ်ပါသည်။ သစ်ပုပ်ပင်က အရွက်တစ်ရွက်စတင်ကြွေပြီဆိုလျှင် ကျောင်းသား၊ ကျောင်းသူများအတွက် စာစတင်ကျက်ရန် သတိပေးချက်ဟုဆိုကြပါသည်။ သစ်ပုပ်ပင်ကြီးတွင် အရွက်တစ်ရွက်မျှမရှိတော့သော ရိုးတံချည်းကျန်ချိန်တွင် စာမေးပွဲများစတင်စစ်ဆေးပြီ။ နွေလကုန်၍ မိုးဦးသစ်လျှင်ဖြင့် သစ်ပုပ်ပင်ကြီးက ရွက်သစ်များဝေဝေဆာဆာဖြင့် ကျောင်းပြန်လာမည့် ကျောင်းသား၊ ကျောင်းသူများကို ကြိုဆိုလျက်ရှိသည်ဟူ၍လည်း မှတ်သားဖူးပါသည်။ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများကလည်း ဇွန်လ၏မိုးရေစက်များနှင့်အတူ ပညာသင်နှစ်အသစ်ကို စတင်လေ့ရှိပါသည်။

အထက်ပါအချက်များကို မူတည်သော သဘောအားဖြင့် ကဗျာရှင်ငွေတာရီက မိုးလအခါဆန်းလျှင်ဖြင့် ကျောင်းဖွင့်တော့မည်။ သူငယ်ချင်းများနှင့်ပြန်လည်ဆုံတွေ့ကြရတော့မည်။ ခွဲခွာခဲ့ရသော အချိန်များကို အတိုးချကာ ပျော်ပျော်ပါးပါး စကားလက်ဆုံပြောမကုန်အောင်ရှိကြရမည်။ ထိုကာလကို ကျောင်းပိတ်ချိန်စကတည်းကပင် မျှော်လင့်ခဲ့ရသည်။ ဝတ္ထုရေးဆရာကြီးတစ်ဦးဆိုခဲ့ဖူးသည့် "မသွားမီကရောက်နှင့်သည်"ဟူသော စာသားကိုသတိရဖွယ်ပင်။ "ဇောစိုက်လို့တွေး"ဟူသောနိဂုံးပိုဒ်ဖြင့် အဆုံးသတ်ပြန်သည်။ အာရုံစိုက်သည်။ ငွဲ၊ လွဲလ၊ ဝီရိယစိုက်ထုတ်သည်ဟူသော အသုံးများက တွင်ကျယ်ပါသည်။ သို့သော် "ဇောစိုက်"ဟူသောအသုံးကိုမူ သည်ကဗျာတွင်တွေ့ရှိဖတ်ရှုရသဖြင့် တစ်မျိုးဆန်းနေသည်။ ဒေသဆိုင်ရာအသုံးဖြစ်မည်လားဟူသော အတွေးပွားရပြန်သည်။ ပညာရှင်များက အကဲဖြတ်ပေးနိုင်ကြပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ထိုဇောစိုက်လို့တွေးဟူသော အချဖြင့် ကဗျာအချီပိုဒ် အပြီးသတ်လိုက်ပုံကလည်း တစ်ဖုံလှသည်ဟု ဆိုချင်ပါသည်။

နွေဦးသစ်စတပေါင်းလကို ခေတ်အဆက်ဆက် မြန်မာစာဆိုတို့က စာ၊ ကဗျာများနှင့် မှတ်တမ်းပြုခဲ့ကြပါသည်။ ကဗျာဖွဲ့ပုံနည်းအမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည်က များပါသည်။ ကဗျာရေးဖွဲ့သူများမှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၊ မင်းညီမင်းသားများ၊ မိဖုရားများ၊ အပျိုတော်များ၊ မှူးမတ်များစသည်ဖြင့် အလွှာစုံမှုဖြစ်သည်။ ကုန်းဘောင်ခေတ်လှိုင်ထိပ်ခေါင်တင်မင်းသမီးက ကဗျာပေါင်းများစွာရေးဖွဲ့ခဲ့သည်။ ရာသီဘွဲ့၊ တောတောင်ဘွဲ့များကိုလည်းရေးသည်။ ထိုခေတ်ထိုအခါက "ဘောလယ်"ဟူသော ကဗျာဖွဲ့နည်းကို ပိုင်နိုင်သည်ဟုလည်း ဆိုပါသည်။ ရေးဖွဲ့ခဲ့သော နွေဘွဲ့တစ်ပုဒ်တွင်-

❖ နွေဦးသစ်စတပေါင်းလကို ခေတ်အဆက်ဆက် မြန်မာစာဆိုတို့က စာ၊ ကဗျာများနှင့် မှတ်တမ်းပြုခဲ့ကြပါသည်။ ကဗျာဖွဲ့ပုံနည်းအမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည်က များပါသည်။ ကဗျာရေးဖွဲ့သူများမှာ သာသနာ့ဝန်ထမ်းရဟန်းတော်များ၊ မင်းညီမင်းသားများ၊ မိဖုရားများ၊ အပျိုတော်များ၊ မှူးမတ်များ စသည်ဖြင့်အလွှာစုံမှုဖြစ်သည်။ ကုန်းဘောင်ခေတ်လှိုင်ထိပ်ခေါင်တင်မင်းသမီးက ကဗျာပေါင်းများစွာရေးဖွဲ့ခဲ့သည်။ ရာသီဘွဲ့၊ တောတောင်ဘွဲ့များကိုလည်းရေးသည်။ ထိုခေတ်ထိုအခါက "ဘောလယ်" ဟူသော ကဗျာဖွဲ့နည်းကို ပိုင်နိုင်သည်ဟုလည်းဆိုပါသည်။ ❖

- နွေအရောက်ပေမို့
  ငွေညောက်ငယ်ညှာချိ၊
  ဝေမောက်ကယ်စီသည်၊
  ရွှေတောက်ဖီမာလာညွန့်ငယ်တို့၊
  ဖြာဖြာကွန့် မွှေးကြူခါကို
  ဆွေးပူတာ သစ်ပါဘိတယ်လေး။ ။ ဟု

အစချီထားသည်။

နွေအရောက်ကာလတွင်ပွင့်သော ရာသီပန်းကိုဖွဲ့ထားခြင်းဖြစ်သည်။ သရဖီပန်းကို ဆိုလိုပါသည်။ သရဖီပန်းကိုသိပါသလားဟူသောမေးခွန်းကို ယခုခေတ်လုံမပျိုလေးများကို မေးကြည့်ရာ မသိပါဟု ဖြေသူများပါ၏။ မှတ်မှတ်သားသား ဦးရေ ၅၀ ခန့်မေးမိရာ တစ်ဦးသိသဖြင့် နှစ်ရာခိုင်နှုန်း သိသေးသည်ဟူ၍ ဝမ်းမြောက်ရပါ၏။ ရာသီပန်းများနှင့် ရာသီပွဲတော်များအကြောင်းကို မူလတန်းမှပင် စတင်သင်ကြားခဲ့ကြပါသော်လည်း သတိမမူခဲ့လျှင် မသိနိုင်ပါ။ မိသားစု၏နေထိုင်မှုပုံစံကလည်း ပြောင်းလဲခဲ့ပြီ။ ရှေးကအဘိုး၊ အဘွားများ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးစသည်ဖြင့် သိုက်သိုက်ဝန်းဝန်းနေခဲ့ကြရာမှ ယခုအခါ အရင်းအချာ မိဘနှင့် သားသမီးသာ နေထိုင်ရသော အနေအထားမျိုးဖြစ်သည်။ မိဘကလည်း စားဝတ်နေရေးအတွက် မိုးလင်းမှမိုးချုပ်သည့်တိုင် ရှန်းကန်လှုပ်ရှားနေရသည်။ သားသမီးကလည်း ပညာရေးကို အချိန်များစွာပေးနေရရာ မြန်မာမှုနှင့် ကင်းဝေးနေလျက်ရှိနေတော့သည်။

သရဖီပန်းက တပေါင်းလ၏ရာသီပန်းဖြစ်သည်။ ဒေသအလိုက်အခေါ်အဝေါ်ကွဲသည့် မျိုးကွဲအပင် "ပန်းတကာ"ဟူသော သရဖီနှင့်တူသည့် ပန်းမျိုးလည်းရှိကြောင်း မှတ်သားမိသည်။ ပုန်းညက်အုပ်စုဝင်အပင်များလည်းဖြစ်သည်။ အထက်ပါကဗျာတွင် ပုန်းကွယ်နေသောအနက်ရှိသည်ဟု ဆိုနိုင်သည်။ သရဖီကိုမမြင်ဖူး၊ မတွေ့ဖူးသူများအတွက် ရုတ်တရက်မသိနိုင်သောအချက်များဖြစ်သည်။ ငွေညောက်ဟူသည်မှာ သရဖီပန်း၏ ရိုးတံတို(အညှာ)မှာ အဖြူရောင်ဖြစ်သည်ကို ဖွင့်ဆိုသည်။ သရဖီပန်း၏ပွင့်ဖတ်နှင့် ပွင့်ချပ်များတွင်လည်း အဖြူရောင်ရှိသည်။ ပွင့်ဖတ်က အစိမ်းနုဘက်လုသည်။ ပွင့်ဖတ်ပွင့်ချပ်များဖြင့် လှပစွာပွင့်သောပန်း၊ တစ်ပင်လုံးဝေဝေဖြာဖြာ ပွင့်သောပန်းဖြစ်၍ "ဝေမောက်ကယ်စီသည်"ဟု ကဗျာအလှကို စာသဖွဲ့မှုန်းသည်ဟု ခံစားမိပါသည်။

ဝေမောက်နှင့်ကာရန်ချိတ်ဆက်၍ "ရွှေတောက်ဖီ" ဆိုသောအဖွဲ့မှာ သရဖီပန်း၏ ဝတ်ဆံဖိုများမှာ အဝါရောင်ဖြစ်၍ အရေအတွက်များစွာပါသည်။ ရွှေရောင်တောက်ပသည်ဟု မှတ်ယူနိုင်သည်။ တချို့ကမူ "မာလာညွန့်ငယ်တို့"ဟူသော စာသားဆက်သဖြင့် ပိတောက်နှင့်သရဖီ ယှဉ်တွဲပွင့်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်ဟုလည်း ဆိုလေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ သရဖီပန်းတစ်မျိုး သို့မဟုတ် ပိတောက်နှင့်သရဖီ နှစ်မျိုးစလုံးကို ဖွဲ့ဆိုသည်ဆိုလျှင်လည်း မြန်မာ့သဘာဝနှင့် မကင်းလွတ်ပေ။ မာလာ(ပန်း)နှင့်ညွန့်ကို တွဲလျက်ဆိုသည်မှာ အညွန့်အဖူး တစ်နည်းအားဖြင့် အလေးအနက်ပြုရခြင်းဟု တွေးမိပါသည်။

သရဖီပွင့်ချိန် ပန်းအဖြာဖြာတို့က တောလုံးတောင်လုံး ကြိုင်မဆုံး လှိုင်မဆုံးဖြစ်ချိန် တပေါင်းလ၏အလှဆုံး သဘာဝပတ်ဝန်းကျင်က လွမ်းစေ၊ ဆွေးစေအောင်ဖန်ဟူသော ကဗျာစာသားတစ်ခုကဲ့သို့ လွမ်းစေပါသည်။ အလွမ်းဓာတ်ခံရှိသူများအတွက်မူ ဆိုဖွယ်ရာမရှိတော့ပေ။ လှိုင်မင်းသမီးဟု ခေါ်ဆိုခဲ့ကြသော လှိုင်ထိပ်ခေါင်တင်၏ ဘဝဇာတ်ကြောင်းကလည်း ကုန်းဘောင်ခေတ်မှသည် ယနေ့တိုင်မမေ့နိုင်သည့် နန်းတွင်းသူ၏ သနားကရုဏာသက်ဖွယ်ရှိနေဆဲ။ အိမ်ရှေ့မင်းမိဖုရားဖြစ်သော်လည်း လင်ယောကျ်ား၏အရေးပေးမှု၊ ဂရုစိုက်မှုကို များစွာမရရှိခဲ့သူဖြစ်သည်။ သူ၏ကဗျာလင်္ကာများအရနှင့် သမိုင်းဆိုင်ရာမှတ်တမ်း၊ ဝတ္ထုများအရ အဆိုပါအချက်ကိုသိရပါသည်။ ထို့ကြောင့်ပင် တပေါင်းဘွဲ့ကဗျာအဆုံးသတ်ရန် ပထမအချီပိုဒ်ကို "ဆွေးပူတာ သစ်ပါဘိတယ်လေး"ဟုဆိုရာ အလွမ်းအဆွေးကရှိပြီးဖြစ်ပြီး၊ ရှိဆဲဖြစ်ဆဲတွင် အသစ်အသစ်ထပ်ခါထပ်ခါဖြစ်သည်ဟု ဆိုရာရောက်ပါသည်။

ဖော်ပြခဲ့သော အမျိုးသမီးစာဆိုနှစ်ဦးစလုံးမှာ လူလောကတွင် မရှိတော့ပါ။ သို့သော် သူတို့နှစ်ဦးစလုံးမှာ ကဗျာ၊ စာများရေးဖွဲ့ခဲ့ရာ သူတို့၏ကဗျာအလှ စာအလှများက မြန်မာစာပေဥယျာဉ်ကြီးတွင် ထာဝစဉ်ပွင့်လန်းကြိုင်လျှမ်းနေမည်မှာ သေချာသောအချက်တစ်ချက်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**၁။ သီချင်းပဒေသာ - ၁၉၅၆**

**၂။ ငွေတာရီကဗျာပေါင်းချုပ်**

## ဟသ်ာတမြို့နယ် ကွင်းကြီးကျေးရွာ၌ RBF စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဟသ်ာတ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထုထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် ကွင်းကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကွင်းကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကွင်းကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ခွင့်ပြုငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ် ၇၅ သိန်းဖြင့် ဝက်မွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ နွားမွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့လေးဖွဲ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားလာစေရန် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# An opening address sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Min Aung Hlaing to the ceremony to mark the International Women's Day 2024

# 8 March 2024



Senior General Min Aung Hlaing gives a commemorative message about the International Women's Day 2024.

**Everybody, Mingalabar!**

First and foremost, I extended my greetings with best wishes for all distinguished guests attending the ceremony to mark the International Women's Day 2024 to enjoy physical and mental pleasure with all auspiciousness.

Today, 8 March is designated as the International Women's Day honouring the women worldwide. Hence, global countries celebrate the ceremony to mark the International Women's Day for further emphasizing the rights and capacity of women and deeply implementing development of women with acceleration on a yearly basis.

This year's theme for the International Women's Day has been set as Invest in Women: Accelerate Progress. In accord with the theme, I would like to urge everyone to explore the best ways and means for women and girls to have a greater chance to participate in the economic sector, while also ensuring access to education and health facilities, in order to eliminate gender discrimination.

Currently, the theme of such significant day motivates all global countries to notice that although the international community can enhance all sectors, the women are considerably facing tremendous difficulties to participate in the economic sector in equal term of men. On the other hand, the theme spotlights that if women and girls have equal rights with men in education, health, job opportunities, financial services and literacy, they will be sure to enjoy gender equality.

It can be said that fulfilling the needs of women and girls to enhance their capacity and helping them strengthen capabilities of studies, earning incomes and leadership can be defined as good investments for the future.

Since 2020, Covid-19 pandemic, geopolitical conflicts, natural disasters and economic instabilities have been pushing more than 75 million global population into the poverty. Reportedly, if nobody conducts necessary response to such a situation, more than 342 million of women and girls worldwide would lead under the poverty line in 2030.

Today's majority of Myanmar females are capable of shouldering with males not only in families and societies but in all measures including political, economic, peaceful and societal development. As such, it is necessary to take the strength of women to allow them to participate in the necessary sectors in order to modernize the country.

The literacy is playing a pivotal role in capacity enhancement of women. According to the surveys, women's literacy rate worldwide scored 73.9 per cent in 2000, compared with 82.7 per cent in 2020. The literacy rate of women in ASEAN region accounted for 89.7 per cent in 2000 but surged to 95.1 per cent in 2023. In Myanmar, women's literacy rate reached 73 per cent in 2000 but 85 per cent in 2023.

It is necessary to invest in education sector for women residing not only in urban but in rural areas and provide for girls and women who missed chance to learn school education to learn vocational courses in order to stand tall in the community with their livelihoods. If so, they will be capable of independently operate own businesses so as to develop women's economic sector starting from the manageable-scale businesses.

According to the gender based job opportunity survey worldwide (2023), number of males who secured employment scored 66.57 per cent in 2020 and female 43.02 per cent but number of males who grasped employment reached 67.86 per cent in 2023 and female 43.82 per cent. It shows a gap between employment situations between male and female.

As such, the government is implementing the plans for development of micro-, small- and medium-scale enterprises (MSMEs) in which the majority of women can participate with enhancement of necessary skills. A the Social Security Law has been enacted to establish nursery units at factories and workplaces formed with more than 100 female workers for enabling women without any worries about family affairs.

As technology is crucial in job opportunities and businesses at present, women have to be capable of applying technology in conformity with the modern era. Surveys stated that a total of 27 per cent women population of the global people are taking part in the technology-applied workplaces and 20 more per cent of women are taking a leading role in the technological sector. Although there is no data of women who participate in the technology-prone workplaces in Myanmar, female students accounting for 48 per cent of all students are attending technological universities and universities of computer studies. So, the government arranges equal terms of rights for women to join the employment opportunities concerning engineering, technologies and computer sciences without gender discrimination. It is necessary to conduct the digital literacy courses for women to be able to apply technology. At present, the Department of Advanced Science and Technology under the Ministry of Science and Technology conducts the human resource development courses and technological enhancement courses. Recruitment of trainees does not discriminate gender, and if they are in conformity with designated criteria, both male and female can join the training courses. Hence, it is necessary to arrange plans for women to participate in the training courses.

Moreover, the second term (2023-2032) of the national strategic plan for development of women is being drafted for enhancement of women's capacity in the country, and when it has been approved, relevant ministries and organizations have to cooperate in implementation of the plan.

In accord with the statistics based on the 2014 population and housing census released on 1 October 2023, a total of 56.2 million population of Myanmar comprises 26.8 million population of men and 29.4 million population of women who accounts for more than 52 per cent. The Union report of 2019 interim census mentioned 72.5 per cent of literacy rate of people across the Union above 25 years old at the middle school level consisting of 73.6 per cent for women and 72.4 per cent for men. The workable people scored 63.2 per cent nationwide, comprising 75.7 per cent of men and 52.7 per cent of men. The unemployment rate across the Union hit 2.7 per cent, including 2.1 per cent of men and 3.4 per cent of women. Moreover, the total population of the Union bears 61.5 per cent of employed persons, comprising 74.1 per cent of men and 50.9 per cent of women. The detail clarification will be wider. Such factors show it is necessary to enhance the role of women. Hence, we have to make arrangements for women to have greater chance to participate in the political, economic, peaceful and societal development undertakings with momentun based on strength of women.

In conclusion, I would like to urge those in private sector, non-governmental organizations, civil society organizations and entire people to harmoniously cooperate with the government in invest in the women's sector for its development in order to utilize the capacity of women who are more than a half strength of the Myanmar's population and to have overall capacities in accord with this year's theme "Invest in women: Accelerate progress".

Thank you all.

# Foreign currency incomes exceed US$600 million in export of more than 300 items of marine products to 45 trade partners in 11 months



Photo shows the worksite of a prawn processing factory.

**Nay Pyi Taw March 8**

Myanmar exports more than 300 items of marine products to 45 trade partner countries from April to February in 2023-24 financial year, earning more than US$624.473 million, said U Nyunt Win, director of Department of Fisheries (Nay Pyi Taw).

In this regard, Myanmar regularly exports marine products to Japan, Middle East countries, European Union member countries, Malaysia, Chinese Taipei, and Australia. So, the Myanmar Fisheries Department and the Department of Fisheries are closely cooperating with each other in increase of marine product export.

"During the 11 months period in 2023-24 financial year, more than 435,000 tons of marine products were exported to foreign market by air, ship and border lands, and earned more than US$624.474 million. But, such income declined a 52-million drop rather than that of previous year," said U Nyunt Win.

The relevant department and exporters are in cooperation in order to meet the demand of individual countries not to decline export volume. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pyapon sends 85,000 baskets of Thai Bay Kyar rice to Yangon during February

**Pyapon March 8**

Up to 85,000 baskets of Thai Bay Kyar rice from Pyapon Township, Pyapon Distrcit, Ayeyawady Region were sent to the Yangon market in February, said Daw Khaing Khaing Win, a rice trading fair owner from Maubin Township.

It is reported that only 50,000 baskets of Thai Bay Kyar rice were sent to the Yangon market from Pyapon Township to the Yangon market in January.

"Most of the farming products from Pyapon town are sent to the Yangon market. During February, we sold up to 85,000 baskets of Thai Bay Kyar rice to Yangon. The Thai Bay Kyar rice type is a type of rice that belongs to the low graded rice group. This rice has been sent because of the high demand from the Yangon side. The current rice price is also high," she said.

As the rice trade has improved, the life of farmers, traders, cargo workers, and truck rental entrepreneurs is convenience. KKL



Newly harvested paddy being put into bags.

# Tamu District harvests more than 40,000 acres of monsoon paddy

**Tamu March 8**

The statistics of Tamu District Agriculture Department stated that local farmers have so far harvested 48,736 acres of monsoon paddy in Tamu District of Sagaing Region.

Starting from October 2023, a total of 48,736 acres of monsoon paddy has been harvested in the district in 2023-24 financial year, securing 80.95 baskets per acre of paddy.

"Local farmers have so far harvested all monsoon paddy with high per-acre yield. Agricultural staff members assist in local farmers in agricultural techniques, prevention of pesticides and loss of crops, and keeping harvested paddy under shelter, said U Hla Myint, Head of District Agriculture Department.

In the district, Myothit Township has harvested 12,861 acres of monsoon paddy, Tamu Township 14,807 acres and Khampat 21,068 acres, totalling 48,736 acres.

In monsoon of 2023-24 FY, the district earmarked cultivation of 49,472 acres of monsoon paddy

The district cultivated 49,472 acres of monsoon paddy from June to September in 2022-23 FY. Relevant township agriculture departments help local farmers apply new agricultural techniques, grow quality strains of paddy and use natural fertilizers.

In 2022-23 FY, the district earmarked cultivation of 87 acres of summer paddy but local farmers planted three acres of monsoon paddy from February to September.

206

# Sudan voices commitment to coordinating with UN to ensure aid delivery

**Khartoum March 8**

Sudan on Thursday voiced commitment to continuing coordination with the United Nations (UN) to ensure the delivery of humanitarian aid to those affected by the ongoing war, said Sudan's Transitional Sovereign Council in a statement.

The statement came after Sudan's Joint National Committee for Humanitarian Emergencies held a regular meeting in Port Sudan, the capital city of the eastern Red Sea State.

The meeting discussed the implementation of the decision related to opening the western border crossing with Chad, South Sudan crossing via Kosti city, and Ashkit and Arqin border crossings in northern Sudan, the statement noted.

In addition, the meeting stressed the need to ensure that the aid entering Sudan does not include any things that harm the Sudanese national security, the statement said.

On Wednesday, the Sudanese government said it had allowed the humanitarian aid to enter through new border crossings, including one with Chad.

According to the UN, half of Sudan's population -- some 25 million people -- need humanitarian assistance and protection, with nearly 18 million people facing acute food insecurity.

Sudan has been witnessing deadly clashes between the Sudanese Armed Forces and the paramilitary Rapid Support Forces since April 15, 2023. More than 13,000 people have been killed since the fighting broke out, according to recent estimates released by the UN Office for the Coordination of Humanitarian Affairs. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂရိဝန်ကြီးချုပ်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ယာဉ်တန်းအနီးတွင် ရုရှားတို့ပစ်လွှတ်လိုက်သောဒုံးကျည် ထိမှန်ပေါက်ကွဲ



ယူကရိန်းဆိပ်ကမ်းမြို့ Odesa ကို မတ် ၆ ရက်က ရုရှားတို့၏ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုသည် သမ္မတဇီလန်စကီးနှင့် အလည်အပတ်ရောက်ရှိနေသော ဂရိဝန်ကြီးချုပ် Kyriakos Mitsotakis တို့၏ မော်တော်ယာဉ်တန်းအနီးသို့ ကျရောက်ပေါက်ကွဲခဲ့ရာ အံ့အားသင့်ဖွယ်ရာ တိုက်ခိုက်ခံခဲ့ရမှုအတွက် ခက်ခဲသောအခိုက်အတန့်တစ်ရပ်ပါပဲဟု ဂရိဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း Defense Post သတင်းဌာနက မတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂရိဝန်ကြီးချုပ်က ဇီလန်စကီးသည် ပင်လယ်နက်ဖြတ်ပြီး ယူကရိန်းပို့ကုန်များအတွက် အရေးပါသည့် ထွက်ပေါက်တစ်ခုဖြစ်သော Odesa ဆိပ်ကမ်းကို အလည်အပတ်ခရီး လိုက်ပို့ပေးနေချိန်တွင် လေကြောင်းသတိပေး ဥဩသံများကြားလိုက်ရသည်ဟု ပြောကြားခဲ့သည်။ ယူကရိန်းသမ္မတနှင့် ဂရိဝန်ကြီးချုပ်တို့၏ ယာဉ်တန်းများဆိပ်ကမ်းသို့ ဆိုက်ရောက်လာပြီး မကြာမီတွင် ပြင်းထန်သောပေါက်ကွဲသံကြီး တစ်ခုကြားလိုက်ရကြောင်း ဂရိဝန်ကြီးချုပ် Kyriakos Mitsotakis က ပြောကြားခဲ့သည်။

"ကျွန်တော်တို့မှာ အကာအကွယ်နေရာယူဖို့ အချိန်မရှိဘူး။ ဒါဟာ အလွန်ခက်ခဲတဲ့ အတွေ့အကြုံတစ်ခုပါ"ဟု Odesa ဆိပ်ကမ်းမြို့၌ Mitsotakis ၏ပြောကြားချက်ကို စကားပြန်မှတစ်ဆင့် ကြားသိခဲ့ရသည်။

ဆိပ်ကမ်းအခြေခံအဆောက်အအုံကို တိုက်ခိုက်မှုတွင် ငါးဦးသေဆုံးပြီး ဒဏ်ရာများ ရရှိခဲ့ကြကြောင်း၊ ယူကရိန်းဘက်ကလည်း ရုရှားနိုင်ငံ ပိုင်နက်အတွင်းရှိ ရေနံတန်းစစ်မျက်နှာနှင့် မသက်ဆိုင်သော နောက်ပိုင်းဒေသများကို ပစ်မှတ်ထား တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာလျက်ရှိရာ ကားဗုံးပေါက်ကွဲမှုနှင့် သတ္တုစက်ရုံကို ဒရုန်းဖြင့်တိုက်ခိုက်မှုဖြစ်စဉ်တို့တွင် ရုရှားနိုင်ငံ ရွေးကောက်ပွဲတာဝန်ရှိသူတစ်ဦး သေဆုံးခဲ့ရသည်။ ရုရှားတပ်ဖွဲ့များသည် ရှေ့တန်းစစ်မျက်နှာတစ်လျှောက် တိုးတက်မှုများရှိနေပြီး ရှေ့ဆက်တိုးလာနေကာ ယူကရိန်းတပ်ဖွဲ့များဘက်၌ လူအင်အား၊ လက်နက်ခဲယမ်းများ ပြတ်လပ်နေချိန်တွင် နှစ်နိုင်ငံစလုံးသည် လေကြောင်းတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြသည်။ ဂရိနိုင်ငံဝန်ကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဇီလန်စကီးနှင့်အတူ Odesa သို့ လာရောက်လည်ပတ်စဉ် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု ယူကရိန်းရေတပ် ပြောရေးဆိုခွင့်ရှိသူ Dmytro Pletenchuk က အေအက်ဖ်ပီသတင်းဌာနသို့ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များ ပစ်လွှတ်လိုက်သော ဒုံးကျည်သည် ဗိုအိုင်ပီယာဉ်တန်းအနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပုံရကြောင်း အမေရိကန်ရှိ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး၏ပြောကြားချက်အရ သိရသည်။ အီတလီဝန်ကြီးချုပ် Giorgia Meloni က နှစ်နိုင်ငံထိပ်တန်းခေါင်းဆောင်များ တွေ့ဆုံနေစဉ်အတွင်း Odesa ကို တိုက်ခိုက်ခဲ့မှုအတွက် လုံးဝရှုတ်ချကန့်ကွက်ကြောင်း ဖော်ပြခဲ့သည်။

သို့သော်လည်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဘက်မှ ယူကရိန်းစစ်ဘက်၏ တိုက်ခိုက်ရေးအတွက်အသုံးပြုရန် ဒရုန်းကိုယ်ထည်ဖြတ်စများ ပြင်ဆင်ပေးသည့် သိုလှောင်ရုံတစ်ခုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

ပင်လယ်နက်မြို့တစ်မြို့ရှိ တိုက်ခန်းတစ်ခုကို ရုရှားတပ်ဖွဲ့များက ဒရုန်းတစ်စင်းဖြင့်တိုက်ခိုက်ခဲ့ရာ ကလေးငယ်ငါးဦးအပါအဝင် ၁၂ ဦး သေဆုံးခဲ့ပြီး ရက်ပိုင်းအကြာ Odesa ကို တိုက်ခိုက်ခဲ့ခြင်းလည်းဖြစ်ကြောင်း ယူကရိန်းစစ်ဘက်က ထုတ်ဖော်ပြောဆိုထားသည်။

အိမ်ဖြူတော်သည် ယူကရိန်းသို့ အမေရိကန်၏ အကူအညီပေးရေးအစီအစဉ်အသစ်များပေါ်တွင် ရီပတ်ဘလစ်ကန်အမတ်များ၏ အကြောက်အကန်ငြင်းဆန်နေမှုကိုအဆုံးသတ်ရန် ရှုန်းကန်နေရသည်။ သမ္မတ Joe Biden အုပ်ချုပ်ရေးအဖွဲ့မှ အမျိုးသားလုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူက Odesa ကို တိုက်ခိုက်ခံရမှုသည် ယူကရိန်းသို့ စစ်လက်နက်များ ပေးပို့ရန်အတွက် အရေးပေါ်လိုအပ်နေကြောင်း ပြသနေသည်ဟု ပြောကြားခဲ့သည်။

"ဒီတိုက်ခိုက်မှုဟာ ရုရှားက ယူကရိန်းကို နေ့တိုင်းမဆင်မခြင်တိုက်ခိုက်နေပုံရဲ့ နောက်ထပ်သတိပေးချက် တစ်ခုပါပဲ"ဟု ၎င်းက ပြောကြားခဲ့သေးသည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းတောင်ပိုင်းက ရုရှားတပ်ဖွဲ့များ သိမ်းပိုက်ထားသော Berdyansk မြို့တွင် အာဏာပိုင်များက ကားဗုံးဖောက်ခွဲမှုနှင့်ပတ်သက်ပြီး ဒေသတွင်းရွေးကောက်ပွဲကော်မရှင် အရာရှိတစ်ဦးသေဆုံးခဲ့မှုအပေါ် ယူကရိန်းအကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်သည်ဟု ပြစ်တင်ပြောဆိုခဲ့ကြောင်း သိရသည်။

**Russian Rocket Hits Close to Zelensky, Greek PM ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက ဆူဒန်စစ်ဘက်သို့ Mohajer-6 တိုက်ခိုက်ရေးဒရုန်းများ တင်ပို့ရောင်းချခဲ့

အီရန်နိုင်ငံသည် ဆူဒန်စစ်ဘက်သို့ Mohajer-6 တိုက်ခိုက်ရေးဒရုန်းများ တင်ပို့ရောင်းချမှု အရှိန်မြှင့်တင်လုပ်ဆောင်လာခဲ့ကြောင်း အမေရိကန်နှင့် အာရပ်တာဝန်ရှိသူများ၏ ပြောကြားချက်သတင်းထွက်ပေါ်လာမှုသည် ဆူဒန်နိုင်ငံတွင် အီရန်နိုင်ငံ၏စစ်ရေးအရ နက်ရှိုင်းစွာပါဝင်ပတ်သက်လာမှုကို ကိုယ်စားပြုကြောင်း Army Recognition သတင်းဌာနက မတ် ၄ ရက်တွင် သုံးသပ်ဖော်ပြထားသည်။

ဆူဒန်စစ်ဘက် (SAF)သည် Rapid Support Forces (RSF) နှင့် ပဋိပက္ခဖြစ်ပွားနေလျက်ရှိရာ Mohajer-6 အမျိုးအစား တိုက်ခိုက်ရေးဒရုန်းများကို အသုံးပြုသွားရန် ရည်ရွယ်ထားပုံရှိသည်။

ဆူဒန်နိုင်ငံရှိ SAF နှင့် RSF တို့ကြား ထိပ်တိုက်တွေ့ဆုံမှုများသည် နိုင်ငံတွင်း နက်ရှိုင်းစွာကွဲလွဲမှုနှင့် အိမ်နီးချင်းနိုင်ငံများအပေါ် ဂယက်ရိုက်ခတ်မှုများ ဖြစ်စေလျက်ရှိသည့် ရှည်လျားသောပြည်တွင်းစစ်အခြေအနေတစ်ရပ်လည်းဖြစ်သည်။ အီရန်၏ တိုက်ခိုက်ရေးဒရုန်းများကို မိတ်ဆက်ခြင်းသည် မြေပြင်တပ်ဖွဲ့များ၏ ဟန်ချက်ညီမှုကို လွှမ်းမိုးထားရန် ကြိုးပမ်းမှုတစ်ခုအဖြစ် SAF က RSF တို့၏ပိုင်နက်နယ်မြေများကို ရှေ့တိုးသိမ်းပိုက်လာနိုင်မှုများအပေါ် တန်ပြန်ရန် ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။

အီရန်မှပေးပို့သော Mohajer-6 တိုက်ခိုက်ရေးဒရုန်းများသည် ဆူဒန်ရှိ စစ်ဆင်ရေးများတွင် အရေးပါသောခေတ်မီစွမ်းအားစုများကိုဖြစ်စေပြီး ဆူဒန်စစ်ဘက် (SAF)အတွက် ထိုးစစ်နှင့်ခံစစ် စစ်နည်းဗျူဟာ နှစ်ရပ်စလုံးတွင် တိုက်စွမ်းရည်များမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှုများနောက် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင်လာခဲ့သည့် အီရန်နှင့်ဆူဒန်နိုင်ငံတို့ကြား သံတမန်ရေးနှင့် စစ်ဘက်ဆက်ဆံရေး တစ်စိတ်တစ်ပိုင်း တိုးတက်ကောင်းမွန်လာခြင်းဟုလည်း ဆိုနိုင်မည်ဖြစ်သည်။

အီရန်နိုင်ငံထုတ် Mohajer-6 တိုက်ခိုက်ရေးဒရုန်းသည် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီ ကီလိုမီတာ ၂၀၀ (၁၂၄ မိုင်)၊ လေထဲတွင် ၁၂ နာရီကြာ ပျံသန်းစစ်ဆင်နိုင်ပြီး ကျယ်ပြန့်သော ဧရိယာတစ်ဝိုက်ကို လွှမ်းခြုံနိုင်စွမ်းရှိသည့်အပြင် အမြင့်မီတာ ၄၉၀၀ မှ မီတာ ၅၅၀၀ (ပေ ၁၆၀၀၀ မှ ၁၈၀၀၀ ကြား) ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ ဒရုန်းအောက်တွင် စဉ်ဆက်မပြတ်စောင့်ကြည့်ထောက်လှမ်းမှုများ ပြုလုပ်နိုင်မည့် ရှေ့ကြည့်ကင်မရာတစ်လုံး တပ်ဆင်ထားပြီး ဘက်စုံအသုံးပြုနိုင်မှုနှင့် ထောက်လှမ်းရေးစွမ်းရည်များ တိုးမြှင့်ပေးထားသည်။ ဒရုန်းသည် အလျား ၅ ဒသမ ၅ မီတာ၊ တောင်ပံအရှည် ၁၀ မီတာရှိသည်။

ဆူဒန်နိုင်ငံ ယာယီ နိုင်ငံခြားရေးဝန်ကြီး အီရန်သို့ အလည်အပတ်ရောက်ရှိလာမှုတို့နှင့်အတူ ဆူဒန်နိုင်ငံနှင့်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် အီရန်နိုင်ငံ၏ စိတ်ပါဝင်စားမှုကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာမှု၊ မဟာဗျူဟာမြောက်စေ့ဆော်မှု အကြောင်းအချက်များပေါ်တွင် နက်ရှိုင်းစွာအခြေခံထားသည်။ ၁၉၉၀ ပြည့်နှစ်လွန်ကာလများကတည်းက အီရန်သည်၎င်း၏မဟာဗျူဟာ



မြောက် မိတ်ဖက်နိုင်ငံဖြစ်သည့် အာဖရိကဦးချိုကဲ့သို့သော အဓိကဒေသများတွင် မဟာမိတ်နိုင်ငံများ ထူထောင်ခြင်းဖြင့် ၎င်း၏ နိုင်ငံတကာ အထီးကျန်ဖြစ်မှုမှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့သည်။ ထိုနေရာတွင် ဆူဒန်သည် အရေးပါသော မိတ်ဖက်နိုင်ငံဖြစ်သည်။ အထူးသဖြင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာအကူအညီများမှတစ်ဆင့် အဆိုပါဆက်ဆံရေးကို အားကောင်းစေခြင်းသည် မဟာမိတ်များနှင့် မိတ်ဖက်နိုင်ငံများကွန်ရက်မှတစ်ဆင့် အီရန်၏ ဒေသတွင်းဩဇာလွှမ်းမိုးမှုကို ချဲ့ထွင်ရန် ရည်ရွယ်ထားသည့် အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC)၏ ဘက်မညီ စစ်နည်းဗျူဟာ၊ မဟာဗျူဟာမူဝါဒများအောက်တွင် အကျုံးဝင်နေသည်။

"Axis of Resistance"ဟု လူသိများသော အီရန်နိုင်ငံ ကျောထောက်နောက်ခံပြုပေးထားသည့် ဤကွန်ရက်သည် အနောက်အင်အားကြီးများနှင့် ၎င်းတို့၏ ဒေသတွင်းမဟာမိတ်များကို တန်ပြန်ရန်ကြိုးပမ်းနေပြီး ပထဝီအနေအထားအရ ထိလွယ်ရှလွယ်ဧရိယာများတွင် ပါဝါဖြန့်ကြက်ထားရန် အီရန်နိုင်ငံအတွက် လမ်းကြောင်းများ ခင်းပေးနေခြင်းလည်းဖြစ်သည်။ ဆူဒန်နိုင်ငံသို့ အီရန်ထုတ် Mohajer-6 တိုက်ခိုက်ရေးဒရုန်းများ တင်ပို့ရောင်းချခဲ့ခြင်းသည် အထက်ဖော်ပြပါ အကြောင်းအချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။ ဒေသတွင်းတွင် ဩဇာကြီးမားလိုသည့် အီရန်နိုင်ငံ၏ ရပ်တည်ချက်ကို ခိုင်မာစေကာ ဆူဒန်တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည့် သိသာထင်ရှားသော စစ်ရေးထောက်ပံ့မှုတစ်ရပ်လည်း ဖြစ်ကြောင်း သိရသည်။

**Iran to deliver Mohajer-6 attack drones to Sudan ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ကော ၃၄၅၇၀ စိုက်ပျိုးပြီးစီး



**ပုသိမ် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံကော ၃၄၅၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၃၀၉၈၈ ကော စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲသီးနှံစုံကော ၃၄၅၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော ပဲသီးနှံစုံကော ၃၄၅၇၀ တွင် မတ်ပဲ ၁၃၉၇၆ ကော၊ ပဲတီစိမ်း ၆၅၃၁ ကော၊ ပိုလ်ကိတ်ပဲ ၁၂၉၂၃ ကော၊ ပဲပုပ် ၂၅၅ ကော၊ ပဲစင်းငုံ ၅၂ ကော၊ ကုလားပဲ ၂၉၈ ကော၊ ပဲကြီး ၃၇၈ ကော၊ စားတော်ပဲ ၁၅၇ ကောဖြစ်ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲသီးနှံစုံကော ၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ပဲသီးနှံစုံကော ၃၄၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံတွေ လျာထားချက် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ ဆောင်းသီးနှံတွေအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကိုအချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေကို ပိုးမွှားမကျရောက်စေဖို့ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းတွေက အဖွဲ့တွေခွဲပြီး မြေပြင်ထိကြိုတင်ကွင်းဆင်းနည်းပညာပေး၊ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံအပါအဝင် ဆောင်းသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစသည့်ဌာနများ၊ အဖွဲ့အစည်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် လွယ်လုံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း မတ် ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွယ်လုံကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက လွယ်လုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဆောင်ရွက်သည့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



တန့်ယန်းမြို့နယ် လွယ်လုံကျေးရွာ၌ အလျား ၄၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ စုစုပေါင်းငွေကျပ် သိန်း ၂၂၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကြောင့် ကျေးရွာ၏လူမှုရေးအခမ်းအနားများ ဆောင်ရွက်ရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဖားကန့်မြို့နယ် ဘော်ဆာဒီးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖားကန့် မတ် ၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘော်ဆာဒီးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၂ သိန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘော်ဆာဒီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်စီမံဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွှေဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)




ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ဆရာတော်၊ သံဃာတော်များ ဂန္ဓကုဋိတိုက်၊ ကျောက်စာရံစေတီများနှင့် အခြားသာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစဉ်။

☆ ကျောဖုံးမှအဆက်

လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ ဘုရားဖူးလာ ဆရာတော်၊ သံဃာတော်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပိဋကတလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထိုကဲ့သို့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဆရာတော်၊ သံဃာတော်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းလျှောက်ထားခဲ့ကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရိုးတင့် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။





တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲများကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းခန်းမ၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌လည်းကောင်း အသီးသီးပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

အဆိုပါ(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲများသို့ ဝင်ရောက်ဖြေဆိုနေကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၈**

၂၀၂၄ ခုနှစ်မတ်၂၇ ရက်တွင် ကျရောက်မည့်(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးတပ်ရင်းခန်းမ၌ တောင်ငူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင် စုစုပေါင်း ၇၉ ဦးတို့က စုပေါင်း သွေးလှူဒါန်းကြသည်။

ဦးစွာ တောင်ငူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သတ်မှတ် နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ အဆိုပါ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ လှူဒါန်းထားသော သွေးများကို တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ၅၉ ပုလင်းနှင့် နယ်မြေခံဆေးတပ်ရင်းသို့ ပုလင်း ၂၀၊ စုစုပေါင်း ၇၉ ပုလင်း ဖြန့်ဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် တောင်ငူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

# တပို့တွဲလ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပို့တွဲလကို အကြောင်းပြု၍ ပေါ်ပေါက်လာကြသည့် စာအလင်္ကာများအနက် ဤထမနဲထိုးတေးထပ်သည်လည်းမှတ်ဖွယ်မှတ်ရာဖြစ်ပေသည်။

ကုမ်ရာသီမာသ သဘာဝရွှင်စွာ။ ထာဝရစဉ်လာများသူငါငြိမ့်သဲညာဇမ္ဗူသာစုခေါ် အောင်ယာ ဂုဏ်တော်ကြို ဆောင်သည့်ပွဲ။စားတော်ရဆန်ပေါက်ဝါ လေးပြည်သာ ထည့်မြဲ။ချိန်ပိဿကလျှံကြည်ရွှဲအောင်လို့ နှမ်းဆီလည်း ထည့်ပြန်။ မြေပဲဆန် အငွေသုည၀ယ်နှင့် ဒွတ္တိသ တိလဗီဇံ။အုန်းသီးစိတ်ကျပ်ဝီသံ၀ယ် လောဏတံချိန်သတ်နှင့်၊ ချင်း(ဂျင်း)နုဖတ်သိင်္ဂီမျှင်ရွှေ သုံးကျပ်မသွေ့၊ နည်းစဉ်ဆက် သမုဆွေ၀ယ် ဥပဒေမော်ကွန်းပလေး။

ဤတေးထပ်ကိုရေးစပ်သူစာဆိုမှာ ပါဠိဘာသာကျွမ်းကျင်သူဖြစ်ရာ၏။ ယခုခေတ် အများမသိနိုင်ပေ။ အဓိပ္ပာယ်မှာကောက်ညှင်းဆန် လေးပြည်၊ နှမ်းဆီတစ်ပိဿာ၊ မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ ဆား ခုနစ်ကျပ်သား၊ ချင်း(ဂျင်း) ၃၀ ကျပ်သားတို့ကို ဒယ်အိုးတွင် နှံ့အောင်မွှေ၍နယ်ရသည် ထမနဲထိုးရသည်ဟု ဆိုလိုပေသည်။

မြန်မာ့အစားအစာအချို့သည် အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သဘာဝရာသီဥတုနှင့် ကိုက်ညီစွာပြုလုပ်ထားသော မုန့်ပဲသရေစာအစားအစာများရှိရာ ဤထမနဲအစားအစာသည် ကုမ်ရာသီတပို့တွဲနှင့်ကိုက်ညီသော အစာအဟာရဖြစ်ပေသည်။

တိုင်းရင်းဆေးကျမ်းများတွင် တပို့တွဲလကား အလွန်အေးမြ၍ လူတို့တွင် အဆီခြောက်ခန်းသောကာလဖြစ်ပေသည်။ ထိုအခါ ဆီနိုင်နိုင်ရှိသောအပူစာ ထမနဲကိုစားသုံးပါက အသားအရေစိုပြည်၍ အပူဓာတ်ရရှိနိုင်ကြောင်းကို မဟာနရီကွန်ချာဆေးကျမ်း၊ သဘာဝမမ္မဆေးကျမ်း၊ ဩဋ္ဌာရိကသုခုမဆေးကျမ်းစသည်တို့တွင် နှီးနွှယ်ဖွင့်ဆိုထားသည်များကို တွေ့ရပေသည်။

ယခင်တပို့တွဲလဆောင်းပါးတွင် ယာဂုအမျိုးအစားများကို တိပိဋကအဘိဓာန်အဖွင့်နှင့် အမြွက်မျှရှင်းခဲ့ပေပြီ။ မီးဖုံးပွဲနှင့် ယာဂုပွဲသည် တပို့တွဲလချမ်းအေးမြသောကာလကိုအကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ မြန်မာ့ရာသီဥတုကို အကြောင်းပြု၍ ဆေးကျမ်းများက ယာဂု(ဝါ)ထမနဲသည် ဆီလျော်သော၊ ကိုက်ညီသော အာဟာရဖြစ်ကြောင်းကို လင်းပါးဖွယ်မရှိ ထုတ်ဖော်ကြ၏။ ဤထမနဲထိုးနည်းတေးထပ်မှာအသုံးချနည်းစနစ်ဆိုင်ရာသုတစာပေဖြစ်ပါ၏။လက်တွေ့အသုံးချ၍ စားသုံးနိုင်ပါ၏။

ဘာသာရေးစာပေအနေနှင့်ကမူ-တစ်ခါသော် ဗုဒ္ဓဘုရားရှင်သည် နောက်ပါရဟန်းတော်များနှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ထိုဒေသမှ လူတို့သည် ဆန်၊ ဆီ၊ ဆားစသော လှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်ဆောင်ယူလာကြကာ ဆွမ်းဘောဇဉ်အာဟာရတို့ကို ကပ်လှူပူဇော်ကြကုန်၏။

ထိုစဉ် ပုဏ္ဏားတစ်ဦးသည် အလားတူ ဆွမ်းကပ်လှူဒါန်းလိုသော်လည်း သူ့အလှည့်သို့ မကျနိုင်ဖြစ်လေသည်။ အရှင်အာနန္ဒာကိုချဉ်းကပ်၍ ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆက်ကပ်ခွင့်လျှောက်ထားရာ ပုဏ္ဏားဆန္ဒကို ဗုဒ္ဓဘုရားရှင်က ခွင့်ပြုလက်ခံတော်မူကြောင်းကို ဝိနည်းပိဋကမဟာဝါပါဠိတော်၌ လာပေသည်။

လုံးတော်ဆရာတော်၏ ပကိဏ္ဏကဝိသဇ္ဇနာကျမ်းတွင် အခါတစ်ပါးဘုရားရှင်သည် လေနာနိုပ်စက်ခြင်းခံရ၍ အရှင်အာနန္ဒာအား ယာဂုဆွမ်းခံချေဟုမိန့်တော်မူ၍ မာတုဂါမတစ်ဦးထံ အလှူခံရာ ချင်း(ဂျင်း)၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့်စီရင်ထားသော ယာဂုဆွမ်းကို ကပ်သဖြင့် လေနာငြိမ်းသည်ဟု ဖွင့်ဆိုထားသည်ကို တွေ့ရလေသည်။

> ❖ တိုင်းရင်းဆေးကျမ်းများတွင် တပို့တွဲလကား အလွန်အေးမြ၍ လူတို့တွင် အဆီခြောက်ခန်းသောကာလဖြစ်ပေသည်။ ထိုအခါ ဆီနိုင်နိုင်ရှိသောအပူစာ ထမနဲကိုစားသုံးပါက အသားအရေစိုပြည်၍ အပူဓာတ်ရရှိနိုင်ကြောင်းကို မဟာနရီကွန်ချာဆေးကျမ်း၊ သဘာဝမမ္မဆေးကျမ်း၊ ဩဋ္ဌာရိကသုခုမဆေးကျမ်းစသည်တို့တွင် နှီးနွှယ်ဖွင့်ဆိုထားသည်များကို တွေ့ရပေသည် ❖

ဆိုလိုသည်မှာ ယာဂုသည် ချင်း(ဂျင်း)၊ ငရုတ်၊ ကြက်သွန်၊ စသည်တို့ပါသော ဆန်ပြုတ်တစ်မျိုးဖြစ်သည်။ ရေကျဲကျဲဆန်ပြုတ်မှသည် ရေနည်းနည်းဖြင့် တွဲကာယနေ့ခေတ် ထမနဲအထိကို(ယာဂု)တွင် အကျုံးဝင်ပေသည်။ ထို့ကြောင့် ကုန်းဘောင်ဆက်ရာဇဝင်ကြီးတွင် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြို့တော် လေးပြင်လေးရပ် တရုတ်၊ ကုလားမျိုးခြားမှစ၍ တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ယောက် ဆန်တစ်စလယ်ကျစုဆောင်း၍ ယာဂုကျိုရာ၌ ကောက်ညှင်း၊ ဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီးစသည်တို့ကို ထည့်ကျိုသည်ဟု မှတ်တမ်းပြုထားသည်ကို တွေ့ရပေသည်။

ထမနဲ(ဝါ)ထမင်းနှဲဟူသော ဝေါဟာရသည် (ကောက်ညှင်း)ထမင်းကိုနှဲခြင်းဟူသော အသုံးအနှုန်းမှ ဖြစ်ပေါ်လာပေသည်။ အချို့ကလည်း နှမ်းကိုကဲ၍ ထည့်ခြင်းကြောင့် နှမ်းမနဲဟု ခေါ်ကြောင်းဆိုကြ၏။ ပညာသားခြားဓာတ်မပြားပင် ဖြစ်ပေသည်။

မြန်မာ့ရိုးရာအရ ထမနဲပွဲများကို မြန်ပြည်အနှံ့ ဘာသာရေးအသင်းအဖွဲ့များ၊ အစိုးရဌာနဆိုင်ရာများ၊ အခြားသောအသင်းအဖွဲ့များသည် အစဉ်အဆက် ကျင်းပလာခဲ့ကြလေသည်။ ရွှေတိဂုံစေတီတော်တွင် ကျင်းပသောထမနဲပွဲသည် နှစ်ပေါင်းရာချီ၍ရှိခဲ့ပေပြီ။ ယခင်က ရွှေတိဂုံစေတီတော်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အသင်းအဖွဲ့များကဦးစီး၍ ကျင်းပခဲ့ကြသည်။ နောင်သော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ကျင်းပလာရာ ယခုနှစ်ဆိုလျှင် ၁၆ ကြိမ်မြောက်ရှိပေပြီ။ ဝန်ထမ်းအားလုံးတပျော်တပါးရှိကြကာ စည်ကားလှပေသည်။ ဌာနများအလိုက် ထမနဲထိုးကြရာ ပ၊ ဒု၊ တ နှင့် နှစ်သိမ့်ဆုရကြသည့်အဖွဲ့များကို ဂေါပကမှဆုချီးမြှင့်လေသည်။

တပို့တွဲလ၏ အခြားပွဲတော်မှာမီးဖုံးပွဲနှင့် ဩဝါဒပါတိမောက်အခါတော်နေ့ဖြစ်ပေသည်။ ဤသည်ကိုလည်း ရှေးစာဆိုကြီးများသည် ရေးဖွဲ့ခဲ့ကြသည်။

သာစွလေ-နေလည်းချမ်းမြ၊ လလည်းနှင်းရီ၊ ပီပီမထွန်း၊ တောင်ထက်ဝန်းလည်း၊ ဆူးပန်းလဲပေါက်၊ ဝင်းဝင်းတောက်လျက်၊ ကမ်းလျှောက်ရေးရေး၊ သဲဖြူဖွေးနှင့်၊ ငှက်ကျေးပျံကြွ၊ ကောင်းကင်လဝယ်၊ မာယယှဉ်မှီ၊ကုမ်ရာသီဟု၊အညီခေါ်မြဲ၊တပို့တွဲမူမဖွဲ့မိုးလေ၊ သုံးလူ့ဆွေလျက်၊ လေးထွေအင်စုံ၊ ကြိုက်ကြုံအဟုတ်၊ ပါတိမုတ်ကို၊ ဖော်ထုတ်စိစစ်၊ ပြမြဖြစ်၍၊ ရပ်ရှစ်မျက်နှာ၊ သံဃာတို့အား၊ ဆယ်ပါးဝတ္ထု၊ ယာဂုအဖျော်၊ ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးဖုံးသဘင်၊ လျှကြီးရင်သည်၊ ရောက်ချင် နိဗ္ဗာန်ကျွန်းတည်လေး. . ဖွင့်လင်းစည်သည်. . ရွှေပြည်ရွှေဝနန်းတည်လေး။

ဤစာမှာ ဆီသည်ရွာစား ဦးအောင်ကြီး၏ လူးတားစာအလင်္ကာဖြစ်ပေသည်။ တပို့တွဲလနက္ခတ်တာရာဆိုင်ရာနှင့် ရာသီပန်းမာလ်များ ဩဝါဒပါတိမောက်ပြုမှုမီးဖုံးပွဲနှင့် ယာဂုထမနဲပွဲကိုပေါ်လွင်အောင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ အသိခက်ခဲသောဝေါဟာရအသုံးအနှုန်းများမပါရှိပေ။

အောက်ပါစာမှာမူ အင်းဝခေတ် နာမည်ကျော် ရှင်ဥတ္တမကျော်၏ "လ"ကိုးလုံးအချဖြင့်ထင်ရှားခဲ့သော တောလားကိုးပိုဒ်ထဲမှ တပို့တွဲလ၏ သဘာဝပတ်ဝန်းကျင်ကိုရေးဖွဲ့ထားသောစာပေဖြစ်ပေသည်။

"ကုမ်တြင်းသိဟ်၊ နဝင်းအိမ်မှာ၊ ရွှေချိန်တာရာ၊ သံကောက်မာနှင့်၊ ရတနာစုံ၊ စန်းနိတုံလည်း၊ ဘုံဝေရမ္မာယုဂန်ဝကါ၊ပပထွန်းလျှံ၊တည့်မွှန်းမှန်သော်၊ရေလျှံသမုဒ်၊ပုစွန်တုပ်လည်း၊လှိုင်းပုတ်မခံ၊ကျောက်နန်းစံခဲ့"

ဤတောလားစာအလင်္ကာတွင် နေ လ နက္ခတ်တာရာ ရာသီစက်(သိဟ်ရာသီ)နဝင်းစက် ဒီရေအတက်အကျ နက္ခတ်တာရာပုံသဏ္ဌာန် ရေနေကုန်းနေသတ္တဝါတို့၏ သဘာဝအလေ့အထတောတောင် ရေမြေပန်းမာလ်စသည်တို့ကိုရေးဖွဲ့ထားသော အကြောင်းအရာထဲမှ တစ်ပိုဒ်မျှဖြစ်ပေသည်။ အသိရခက်သည်။ နက်နဲသည်။ သိမ်မွေ့သည်။

"လ"ကိုးလုံးချ တောလားမှာ မြန်မာစာ မြန်မာမှုကို လေးလေးနက်နက်သိပါမှ ရေးရေးပေါ်နိုင်သော စာအလင်္ကာဖြစ်ပါသည်။ ရှေးစာဆိုကြီးများသည် လရာသီအဖွဲ့များကို ထီးသုံးနန်းသုံး ပညာရှင်သုံးရေးဖွဲ့ခဲ့ကြသလို အရပ်သုံးဇာတ်သုံးကျေးလက်စကားဖြင့်လည်းရေးဖွဲ့ခဲ့ကြသည်များရှိပေသည်။ အောက်တွင်ဖော်ပြသည့် ဆောင်းဘွဲ့နှင့် တပို့တွဲလဘွဲ့မှာအများနားလည်သောလွမ်းချင်းစာအလင်္ကာများဖြစ်ပါသည်။

တပို့တွဲနှင့်ထမနဲပွဲသည် ဆက်စပ်မှုရှိသလို မီးဖုံးပွဲနှင့် ချမ်းအေးသောကာလကို အကြောင်းပြုဆက်စပ်သော စာအလင်္ကာများသည်လည်း ပေါ်ပေါက်လာပေသည်။ ထိုစာအလင်္ကာများအနက် လွမ်းချင်း(ခေါ်)လွှင့်သံစာပေသည် ပို၍များသလို ပို၍စာသားများပြောင်မြောက်ကြသည်ဟု ဆိုချင်ပါသည်။ ချမ်းအေးသောအခါ ချစ်သူခင်သူမြတ်နိုးသူမရှိသူများအတွက် လွမ်းစရာဖြစ်ထွေကိုရေးဖွဲ့ကြရာ ကွမ်းရေတော်ကိုင်မောင်မောင်တိုးရေးစပ်သည့် ဆောင်းဘွဲ့တေးထပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

မစုံသူ ပန်းရှာရအောင်လို့ ဆန်းကာလ ရွှေဉာဏ်၊ ချမ်းပါသမျှ ဟေမန်ဝယ်၊လေပြန်လှံ့ဆော်ခဲ့၊ဆွေတင်တင့်ပွေ့အင်ကြုံသည်၊ရွှေရင်အုံအေးလှချေ့ငဲ့၊တရေးမျှမေးစက်မပျော်နိုင်၊ နွေးဖက်နော်ပြဘဲ့၊ ထွေးဖက်တော်မူလှဲ့ပသူဇာဘွဲ့နန်းငုံ၊ နှစ်သွယ်ပြိုင်ခိုင်ဖြူရွှေ၊ ဆိုင်သူကဝေးတဲ့ခါကြုံ၊ လိုင်ကြူကြွဂန္ဓာရုံမှာ၊ပန်းညှာငုံပွေ့စိတ်နှင့်၊ ရွှေဖိတ်ညွှန့်နှန်းသုံးကမ္ဘလာ လွမ်းခြုံမသာ၊ လုံနိုင်ဘူးကေမျှဉာမှာ. . . ရွှေဖူးစာကံနဲ့လို့လေး ဟုရေးဖွဲ့ထားလေသည်။ ဤတေးထပ်ကို အလင်္ကာကျော်စွာ ရွှာစားကြီး စိန်ဘမောင်၏ အတီးနှင့် ဆိုင်းနောက်ထ ဦးစပယ်ရှယ်အဆိုတော်ကြီး ခင်ခင်ညွှန့်တို့ဆိုထားချက်မှာ အလွန်ရသမြောက်လှရာ ဆောင်းဖွဲ့စာအလင်္ကာရသရေးဖွဲ့ခဲ့သော စာဆိုကွမ်းရေတော်ကိုင် မောင်မောင်တိုးတို့ကိုပါ လေးစားဦးညွှတ်ရပါ၏။ ဆရာမြဝင်း(ဒသန)ကမူ ထိုတေးထပ်ဆောင်းဘွဲ့စာအလင်္ကာကို ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ဖော်ပြရာတွင် ထိထိခိုက်ခိုက်ခံစားရသည့်စာပေဂီတအလင်္ကာဖြစ်ကြောင်း ဂုဏ်ပြုညွှန်းဆိုထားသည်ကိုတွေ့ရပါသည်။

ထို့ကဲ့သို့ လွမ်းချင်းများသည် ယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိကြောင်း ဆရာမြဝင်း(ဒသန)၏ အာဘော်ကို ခြေရာခံသောအခါ မြန်မာစာပေတွင် လွမ်းချင်း(ခေါ်)လွှင့်သံရေးစပ်ခဲ့သော စာဆိုများကို သတိထားမိပြန်ပါသည်။ မဟာအတုလမင်းကြီး (ရာသီဘွဲ့များ) ဦးသား၊ ဦးကြင်ဥ၊ ဖိုးသူတော်ဦးမင်း၊ စလေဦးပုည၊ လှိုင်ထိပ်ခေါင်တင်၊ ဦးကြော့၊ ဝေမျှုကြီးဦးခြိ၊ အချုပ်တန်းဆရာဖေ၊ သာဝတ္ထိဦးကြီး၊ ဦးဆောင်း၊ဝန်စာရေးဦးကြီး၊ဆတိုင်မှတ်ဦးကူး၊ဖိုးဝဇီရ၊ မြို့စာရေး ဦးဘ၊ မော်လမြိုင်ဆရာယော၊ ဝန်စာရေးဦးရွှေတောင်၊ ဦးဘိုးအို၊ ဆရာမွန်း၊ ဦးထူးစသည်ဖြင့် စာဆိုပုဂ္ဂိုလ်များကိုတွေ့ရလေသည်။

လွမ်းချင်းစာဆိုပုဂ္ဂိုလ်များအနက် ဆယ့်နှစ်လရာသီဘွဲ့ရေးစပ်သော မဟာအတုလမင်းကြီးနှင့် လှိုင်ထိပ်ခေါင်တင်တို့မှာ ပို၍ထင်ရှားလှပါ၏။

လွမ်းချင်းသဘောမှာ တောတောင်ရေမြေ၊ ရာသီဥတုသဘာဝပတ်ဝန်းကျင်ကို အခြေခံဖွဲ့ဆိုသော အကြောင်းအရာဖြစ်ရမည်။ အပိုဒ် နှစ်ပိုဒ်ပါရမည်။ နှစ်ပိုဒ်လုံးတွင် "လေး"စကားလုံးဖြင့် ဆုံးရမည်။

လွမ်းဆွတ်သံဖြင့် တမ်းတည်းဟစ်၍(လွှင့်၍) ဆိုရမည်။ ထို့ကြောင့် လွမ်းချင်းဟုခေါ်ကြောင်း ဇေလုဝဆရာတင်က ဂီတာလင်္ကာရဒီပနီတွင် ဖွင့်ဆိုထားလေသည်။ဖော်ပြမည့်လွမ်းချင်းမှာ မဟာအတုလမင်းကြီး၏ တပို့တွဲလလွမ်းချင်းဖြစ်ပါသည်။

ညံ့လို့သာသဲတော့တယ်၊ ပေါက်လဲငယ်ဖွင့်ရုံ၊ ထိန်ထိန်ငယ်လျှံသည်၊ဆက်ရက်သံစာစာနှင့်ငှက်ညီလာကျင်းတဲ့လကိုလေး။

ကုမ်ဟေမန်ငယ်၊ ဆင်ကြန်သွင်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲရွှင်ပျော်၊ ယာဂုတော်နှင့်၊ ကြွေးကြော်ပြင်ဆင်၊ လွမ်းဖို့သာယင်တော့တယ်၊ ကောင်းကင်မြင့် တိမ်ဆီမှာ၊ ကြယ်မာယီရောင်စုံကျင်းလို့ လင်းလှတယ်လေး။

ဤလွမ်းချင်းတွင် စာဆိုမယ်ခွေ၏ ဆယ့်နှစ်လရာသီဖွဲ့ အဲချင်း များမှာကဲ့သို့ အသိခက်သော လျို့ဝှက်သောပဟေဠိဆန်သော စကားအသုံးဝေါဟာရပေါရာဏ စသည်များမပါဝင်ပေ။ ရိုးရိုးပင်ရေးဖွဲ့ထားရာ ရိုးဂုဏ်ပွင့်လင်းဂုဏ် အရပ်စကားကျေးလက်စကားသံများဖြင့် မွှန်းထုံ၍ရာသီကုမ် တပို့တွဲကိုဖော်ပြထားပေသည်။

လွမ်းချင်း(ခေါ်)လွှင့်သံများမှာ အခြားသောပျို့ ရတုရကန်ဧချင်းအဲချင်းမော်ကွန်း စသည်တို့ကဲ့သို့ များများစားစားမရှိလှပေ။ ကျေးလက်သဘာဝကို အခြေခံသောအရပ်သားအမြင်ကို ရေးဖွဲ့သော အကြောင်းအရာကများပေသည်။

ဤသည်ကိုဆရာကြီးဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)(မြန်မာစာပါမောက္ခ-ငြိမ်း)၊ ဆရာကြီးဦးအောင်သောင်း (မြန်မာစာပါမောက္ခ-ငြိမ်း)နှင့် ဒေါက်တာအောင်ဇော်(မြန်မာစာပါမောက္ခ-ငြိမ်း)တို့၏ စေ့ဆော်တိုက်တွန်းအမှာစာရေးသားချီးမြှင့်မှုဖြင့် အလွမ်းဓာတ်ခံရှိဟန်တူသော ကိုရွှေသိမ်းမင်းက ပန်းရွှေပြည် ရှေးကဗျာစုအမှတ်-၅ကို လွမ်းချင်း(ခေါ်)လွှင့်သံပေါင်းချုပ်ထုတ်ဝေထားသောစာစုမှ တပို့တွဲလ လွမ်းချင်းစာအလင်္ကာကို ဖော်ပြလိုက်ပါသည်။ ဤကဲ့သို့သော မြန်မာမှုဘုစုခရုစာပေအလင်္ကာစုများကိုထိန်းသိမ်းနိုင်ကြပါစေ။ ပြန့်ပွားအောင်ပြုလုပ်နိုင်ကြပါစေဟူသောဆန္ဒပြုပါသည်။ အလွမ်းဓာတ်ခံပါရမီပြည့်ညီကြသူများခံစားနိုင်ကြပါစေဟု နိဂုံးချုပ်ပါ၏။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိစစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးနှင့် ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုမှ တစ်ရွာလျှင် လူ ၅၀ ဦး စစ်မှုထမ်းရန် အတင်းအဓမ္မစုဆောင်းနေကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၈**

နေပြည်တော်ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် ဖေဖော်ဝါရီလအတွင်းက တပ်မတော်မှ လာရောက်ခေါ်ဆောင်သွားကြောင်းနှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများကို တစ်ရွာလျှင် လူငယ် ၂၀ ဦးစုဆောင်းပေးရန် တောင်းခံနေကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ KhitThit က ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမရှိစေရန်အတွက် ဥတ္တရသီရိမြို့နယ်မှ အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူ တစ်ဦးတို့ထံ ဆက်သွယ်မေးမြန်းချက်အရ မှန်ကန်မှုမရှိသည့်သတင်းအမှားများသာဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများကို ကျေးရွာတစ်ရွာလျှင် လူငယ် ၂၀ ဦး စုဆောင်းပေးရန်နှင့် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးကို စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်ခြင်းမရှိကြောင်း သိရသည်။

အလားတူ ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၀ ရွာကိုတစ်ရွာလျှင် လူ ၅၀ ဦးစစ်မှုထမ်းဆောင်ရန်စုဆောင်းနေကြောင်း သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများကို စိုးရိမ်ထိတ်လန့်စေရန် လှုံ့ဆော်ရေးသားလျက်ရှိပါသည်။ ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို မလိုလားသည့် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှစစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။







# ဆီဆိုင်မြို့ကို တပ်မတော်က ဓာတုအဆိပ်ငွေ့ပုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့ကို မတ် ၆ ရက်က တပ်မတော်မှ ဒရုန်းဖြင့် ဓာတုအဆိပ်ငွေ့ပုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မတ် ၆ ရက်က ဆီဆိုင်မြို့တွင်မည်သည့်တိုက်ပွဲမျှဖြစ်ပွားခြင်းမရှိကြောင်း၊ ထို့ပြင် တပ်မတော်မှ လက်နက်ကြီးပစ်ခတ်ခြင်း၊ ဒရုန်းများအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခြင်းများနှင့် ဓာတုအဆိပ်ငွေ့ပုံးများအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့်အကြမ်းဖက်သောင်းကျန်းသူများက မတ် ၇ ရက်က ဆီဆိုင်မြို့အတွင်းသို့ ဒရုန်းများဖြင့် ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် နေအိမ်အချို့မီးလောင်ပျက်စီးခဲ့ပြီး ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၉-၃-၂၀၂၄ (စနေနေ့)

၁။ ဝ၆း၃ဝ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၁း၀၀ စိုက်မွေးသုတ
၃။ ၁၃း၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၄း၃၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၆း၀၀ First Step
၆။ ၁၈း၂၀ Thazin Request Song

# အိန္ဒိယနိုင်ငံ ဘင်ဂါလူရုမြို့၌ မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေမလုံလောက်သဖြင့် စီးပွားရေးလုပ်ငန်းတချို့ ကုန်ထုတ်လုပ်မှုတွင် အခက်အခဲများရှိလာ



**နယူးဒေလီ မတ် ၈**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ် ဘင်ဂါလူရုမြို့၌ မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေမလုံလောက်သဖြင့် စီးပွားရေးလုပ်ငန်းတချို့ ကုန်ထုတ်လုပ်မှုတွင် အခက်အခဲများရှိလာကြောင်း Dell နည်းပညာကုမ္ပဏီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘင်ဂါလူရုမြို့တွင် မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေနေရကြောင်း၊ သောက်သုံးရေ လုံလုံလောက်လောက် ရရှိရေးအတွက် နည်းပညာ ကုမ္ပဏီကြီးများက အာဏာပိုင် အဖွဲ့အစည်းထံ တောင်းဆိုမှုများ ပြုလုပ်လျက်ရှိပြီး အာဏာပိုင်အဖွဲ့အစည်းက စီစဉ်ပေးပါက ရေစုဆောင်းရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း Dell နည်းပညာကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

"သောက်သုံးရေ မလုံလောက်တော့တဲ့ပြဿနာကြောင့် ကုမ္ပဏီအနေနဲ့ ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းမှာ အခက်အခဲတွေရှိလာပါတယ်။ တာဝန်ရှိသူတွေဆီကိုတော့ သောက်သုံးရေ လုံလုံလောက်လောက်ပေးဝေဖို့အတွက် တောင်းဆိုမှုတွေ ပြုလုပ်ထားပါတယ်။ နွေရာသီအစမှာတောင် အခုလို သောက်သုံးရေခက်ခဲနေရင် နွေရာသီဆိုရင်တော့ ပိုပြီးတော့ခက်ခဲလိမ့်မယ်"ဟု Dell နည်းပညာကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ တောင်ဘက်ပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပုံမှန်မဟုတ်သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရပြီး ကောဗာရီမြစ်ဝှမ်းတွင်လည်း ရေပမာဏသိသိသာသာ ကျဆင်းမှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကင်ညာနိုင်ငံ မွန်ဘာဆာမြို့၌ ကျောင်းသုံး စားပွဲနှင့်ခုံများကို စွန့်ပစ်ပလတ်စတစ်အမှိုက်ဖြင့် ပြုလုပ်၍ ပြန်လည်အသုံးပြုလျက်ရှိ

**နိုင်ရိုဘီ မတ် ၈**

ကင်ညာနိုင်ငံ ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သော မွန်ဘာဆာမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းလိုသူများက စုစည်း၍ ကျောင်းသုံးစားပွဲနှင့် ခုံများကို စွန့်ပစ်ပလတ်စတစ်အမှိုက်များဖြင့် ပြုလုပ်၍ ကျောင်းများတွင် ပြန်လည်အသုံးပြုလျက်ရှိကြောင်း World Wild Fund For Nature အဖွဲ့က အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်ဟု မတ် ၇ ရက် သတင်းများအရ သိရသည်။

ကင်ညာနိုင်ငံ ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သော မွန်ဘာဆာမြို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလိုသူများစုစည်း၍ ဖွဲ့စည်းထားသော Twende Green Ecocycle အဖွဲ့က ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ လုပ်ငန်းတစ်ခုတည်ထောင်ခဲ့ပြီး စွန့်ပစ်ပလတ်စတစ်အမှိုက်များမှ တစ်ဆင့် ဒေသတွင်း ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးစားပွဲနှင့်ခုံများကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မွန်ဘာဆာမြို့ တစ်မြို့တည်းမှ နေ့စဉ်အမှိုက်တန်ချိန် ၈၀ ကျော် စွန့်ပစ်လျက်ရှိပြီး အဆိုပါအမှိုက်များအနက် ၂၀ ရာခိုင်နှုန်းမှာ ပလတ်စတစ် အမှိုက်များဖြစ်ကာ ငါးရာခိုင်နှုန်းသာ ပြန်လည်အသုံးပြုနိုင်ပြီး ကျန် ၉၅ ရာခိုင်နှုန်းမှာ ပင်လယ်ပြင်အတွင်း အဆုံးသတ်ပြီး အဏ္ဏဝါသက်ရှိများကို ထိခိုက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း Twende Green Ecocycle အဖွဲ့ တည်ထောင်သူ Churchill Muriuki က ပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းကို မွန်ဘာဆာကမ်းရိုးတန်းတစ်လျှောက်ရှိ ပလတ်စတစ်ပြဿနာကို ဖြေရှင်းရန်နှင့် ရေရှည်တည်တံ့သော ပညာရေးကို မြှင့်တင်ရန်ရည်ရွယ်ကြောင်း၊ အဆိုပါပစ္စည်းများသည် သမားရိုးကျသစ်သားပစ္စည်းများထက် ကျိုးပဲ့မှုကို ခံနိုင်ရည်ရှိကြောင်း Churchill Muriuki က ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၄၃၀ ခန့် စွန့်ပစ်လျက်ရှိပြီး ၎င်းတို့အနက်မှ သုံးပုံနှစ်ပုံသာ ပြန်လည်သုံးစွဲနိုင်သည့် ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများသို့ ရောက်ရှိကာ အများစုမှာ သမုဒ္ဒရာကို ညစ်ညမ်းစေမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

**Ref : Russia Today**
**Trs : AZH**

# ပြင်သစ်နိုင်ငံ အတ္တလန္တိတ်ကမ်းခြေတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် Guillemots ငှက်အကောင်ရေ ၅၀၀ ကျော် သေဆုံးခဲ့

**ရောမ မတ် ၈**

ပြင်သစ်နိုင်ငံ အတ္တလန္တိတ်ကမ်းခြေတွင် မတ် ၇ ရက်က နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကမ်းခြေ၌ ကျင်လည်ကျက်စားနေသည့် ပင်လယ်ငှက်အမျိုးအစားဖြစ်သည့် Guillemots ငှက် အကောင်ရေ ၅၀၀ ကျော် သေဆုံးခဲ့ကြောင်း French League for Protection Birds(LPO)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပုံမှန်မဟုတ်သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရသည့်အတွက် သေဆုံးသည့် ငှက်အကောင်ရေ ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်သော French League for Protection Birds (LPO) က ထုတ်ပြန်ခဲ့သည်။

"ပြင်သစ်နိုင်ငံ အတ္တလန္တိတ်ကမ်းခြေမှာ ပုံမှန်မဟုတ်တဲ့ ရာသီဥတုတွေ ဖြစ်ပေါ်နေတဲ့အတွက် Guillemots ငှက်မျိုးစိတ်တွေ အကောင်ရေ ၅၀၀ ကျော် သေဆုံးမှုဖြစ်ပေါ်ခဲ့ပါတယ်။ နှင်းမုန်တိုင်းအပါအဝင် ပုံမှန်မဟုတ်တဲ့ ရာသီဥတုကြောင့် သေဆုံးခဲ့တယ်ဆိုပေမဲ့ ရာသီဥတုပြောင်းလဲမှုဟာ သေဆုံးရတဲ့အကြောင်းရင်းနဲ့ တိုက်ရိုက်သက်ဆိုင်တာမျိုးတော့ မဟုတ်ပါဘူး။ သေဆုံးခဲ့တဲ့ငှက်တွေကို ဓာတ်ခွဲခန်းမှာ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ကြည့်တော့ အစာအာဟာရပြတ်လပ်ပြီး သေဆုံးခဲ့တဲ့ငှက်တွေရှိသလို မိုက်ခရိုပလတ်စတစ်နဲ့ ဓာတုဓာတ်ရောနှောပါဝင်တဲ့ အစာတွေကို စားသောက်မိတဲ့အတွက်ကြောင့် သေဆုံးခဲ့တဲ့ငှက်တွေလဲ ရှိပါတယ်"ဟု LPO မှ သုတေသီ ဂျာရွမ်းဖော့က ပြောကြားခဲ့သည်။



Guillemots ငှက်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် ကမ်းခြေတွင် သန့်ရှင်းရေးများဆောင်ရွက်ပေးရန် လိုအပ်နေပြီး ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရန်လည်း လိုအပ်နေကြောင်း သုတေသီများက အာဏာပိုင် အဖွဲ့အစည်းကို သတိပေး ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံတွင် ကမ်းခြေ၌ရေနံယိုဖိတ်မှုကို ရှင်းလင်းရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်

**ပို့အော့ဖ်စပိန် မတ် ၈**

ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံတွင် ဖေဖော်ဝါရီလက ကမ်းခြေ၌ ရေနံယိုဖိတ်မှုဖြစ်ပေါ်ခဲ့ပြီး ရေနံယိုဖိတ်မှုကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေနံယိုဖိတ်မှုကို ရှင်းလင်းရေးအတွက် အာဏာပိုင်အဖွဲ့အစည်းက ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများကို တာဝန်ပေးအပ်ခဲ့ရာ ရေနံယိုဖိတ်မှုဖြစ်ပေါ်ခဲ့ပြီး တစ်လအကြာတွင် ရှင်းလင်းရေးလုပ်ငန်းများ အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ကြောင်း ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေထုညစ်ညမ်းမှုကြောင့်လည်း ရေအောက်သတ္တဝါတချို့ သေဆုံးမှုများဖြစ်ပေါ်ခဲ့ပြီး မလိုလားအပ်သောဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ထို့ပြင် ရေနံယိုဖိတ်မှုကြောင့် လမုတောတချို့လည်း ပျက်စီးခဲ့ရကြောင်း၊ ရေနံယိုဖိတ်မှုအတွက် အဓိကတာဝန်ရှိသူများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကမ်းခြေမှာ ရေနံယိုဖိတ်မှုနဲ့ ပတ်သက်ပြီး ရှင်းလင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရေနံယိုဖိတ်မှုနဲ့ ပတ်သက်ပြီးတော့ အဓိက တာဝန်ရှိသူတွေကို အရေးယူသွားဖို့အတွက် စုံစမ်းစစ်ဆေးရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြှိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ (ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ်ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

# အောင်မြင်ခြင်းအတွက် စိတ်အာဟာရ

မေတ္တာမိုးနှင်း(ပဲခူး)

လူသားတိုင်းသည် ဘဝရပ်တည်ရေးအတွက် ပစ္စုပ္ပန်နှင့်အနာဂတ်ကိုရှေးရှု၍ အတိတ်ကိုလည်း သင်ခန်းစာယူကြရသည်။ လူသားတိုင်းသည် မည်သည့်အချိန်အခါ၊ မည်သည့်နေရာမရွေး အောင်မြင်မှုကို လိုချင်ကြပေသည်။ ဘဝလမ်းခရီး၌ အောင်မြင်ခြင်းရှိမှသာ လောကဓံကိုကြံ့ကြံ့ခံနိုင်ရည်ပြည့်ဝမည်ဖြစ်သည်။ အမြဲတမ်းကျရှုံးမှုကိုသာ ရင်ဆိုင်နေရပါလျှင် ထိုသူသည် စိတ်အာဟာရချို့တဲ့နေမည်သာဖြစ်သည်။ အောင်မြင်မှုတစ်စုံတစ်ရာကို တစ်ကြိမ်တစ်ခါမျှသာ ကြုံဆုံရပါလျှင် ထိုသူသည် ကျရှုံးမှု၊ အောင်မြင်မှု၊ တစ်နည်းအားဖြင့် အနိမ့်အမြင့်ဟူသော လောကဓံ၏သဘောကိုနားလည်သဘောပေါက်၍ စိတ်ဓာတ်ကြံ့ခိုင်မည်ဖြစ်သည်။

ယနေ့ခေတ်ကာလသည် ခေတ်မီနည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသောအချိန်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အသုံးချနည်းပညာများကို တန်ဖိုးရှိစွာအသုံးချမှသာလျှင် အောင်မြင်ခြင်းကို ရရှိပေလိမ့်မည်။ ထိုသို့အောင်မြင်ခြင်းကိုရရှိရန်အတွက် ပညာရည်ပြည့်ဝအောင်လည်း သင်ယူတတ်မြောက်ထားကြရမည်ဖြစ်သည်။ ပညာသင်ယူတတ်မြောက်ရန်ကြိုးစားရာတွင် စိတ်အာဟာရသည် အလွန်ပင်အရေးကြီးပါသည်။

**ရည်မှန်းချက်နှင့်ကြိုးစားမှု**

လူသားအများစုသည် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေထိုင်ကြသည်ဟုဆိုကြသည်။ မနက်ဖြန်တိုင်းအတွက် မျှော်လင့်ချက်ရှိသည်မှာ မှန်ပါသည်။ ထိုမျှော်လင့်ချက်ဟူသောအရာသည် မိမိ၏ရည်မှန်းချက်ပင်ဖြစ်သည်။ လူသားတိုင်းတွင် ရည်မှန်းချက်အမျိုးမျိုးရှိကြသည်။ ရည်မှန်းချက်ဟူသည် မဖြစ်မနေပြုလုပ်ရမည်ဟူသော စိတ်ဆန္ဒကိုဆိုလိုခြင်းဖြစ်သည်။ စိတ်ကူးယဉ်၍ ရှုးသွပ်နေရုံဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်နိုင်မည်မဟုတ်ပေ။ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် ကြိုးစားမှုများ၊ ပြင်ဆင်မှုများ လိုအပ်ပေသည်။ ရည်မှန်းချက်ရှိသော်လည်း ကြိုးစားအားထုတ်မှုမရှိပါက ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိနိုင်မည်မဟုတ်ပေ။

ကြိုးစားအားထုတ်မှုသည် အရာခပ်သိမ်းကိုအောင်မြင်စေနိုင်သော အကြောင်းတရားပင်ဖြစ်သည်။ ကြိုးစားမှုသည် ဥဒ္ဒဲ၊ လုံ့လ၊ ဝီရိယကိုအခြေခံ၍ မိမိဆောင်ရွက်ရမည့်တာဝန်များကို ဆောင်ရွက်ကြရခြင်းဖြစ်သည်။ ဥဒ္ဒဲ၊ လုံ့လ၊ ဝီရိယဆိုရာ၌လည်း အချိန်နေရာဒေသနှင့် စနစ်တကျသတ်မှတ်၍ ထားရှိရခြင်းမျိုးဖြစ်ပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဥဒ္ဒဲ၊ လုံ့လ၊ ဝီရိယသည် တစ်နှစ်တာကာလပညာသင်ကြားချိန်၌ နေ့စဉ်ပုံမှန်ကြိုးစားအားထုတ်မှုကိုဆိုလိုသည်။ စာမေးပွဲဖြေဆိုရန်အချိန်နီးကပ်လာမှသာ နေ့မအိပ်၊ ညမအိပ် စာကြိုးစားခြင်းသည် လွဲမှားသော ဥဒ္ဒဲလုံ့လသာဖြစ်ပေလိမ့်မည်။ ကျန်းမာရေးနှင့်ညီညွတ်အောင် ပြုမူနေထိုင်ခြင်းမရှိဘဲ အစာစားချိန်မမှန်၊ မိမိစိတ်ကိုသာ အပင်ပန်းခံပြီး ဦးနှောက်ကိုအလုပ်ပေးခြင်းသည် ရောဂါရှာယူခြင်းပင်မည်ပေသည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ၂၀၂၄ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် စတင်ဖြေဆိုကြရမည်ဖြစ်သည်။ နေ့ရက်အားဖြင့် အလွန်နီးကပ်နေပြီဖြစ်သော်လည်း အချိန်နာရီအားဖြင့် များစွာကျန်ရှိပါသေးသည်။ ယခုကဲ့သို့စာမေးပွဲနီးကပ်နေချိန်တွင် မိမိကိုယ်ကို ညှဉ်းဆဲသကဲ့သို့ အချိန်လင့်စွာအားထုတ်ကြိုးစားရန် မသင့်ပေ။ အချိန်သာကုန်လွန်၍ ကျန်းမာရေးကိုထိခိုက်စေနိုင်ပါသည်။ ကျန်းမာရေးကိုဂရုစိုက်ကြရမည်။ ကျန်းမာမှသာ ရှင်လန်းသောဉာဏ်ရည်ကိုဖြစ်စေမည်။ သို့မှသာ စာကျက်မှတ်ရာတွင် တက်ကြွလန်းဆန်းမှုရှိပေမည်။ မိဘများ၊ ဆရာ၊ ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများကို ဖိအားပေးခြင်းမပြုဘဲ အချိန်ကိုစနစ်တကျဖြင့် တန်ဖိုးရှိစွာအသုံးချရန် ညွှန်ပြပေးကြရမည်ဖြစ်သည်။

**ပွဲမဝင်ခင် ပြင်ကကျင်းပ**

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသားလူငယ်များအတွက် ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုကို အဆုံးအဖြတ်ပေးသော ပွဲတစ်ပွဲပင်ဖြစ်သည်။ အောင်မြင်မှုတစ်ခုရရှိရန်အတွက် ပြိုင်ပွဲတစ်ခုကိုယှဉ်ပြိုင်ဆင်နွှဲခြင်းပင်ဖြစ်သည်။ ပြိုင်ပွဲတစ်ခုယှဉ်ပြိုင်ရာတွင် မိမိဘက်

❖ လူသားတို့အတွက် အရေးကြီးဆုံးအရာမှာ စိတ်အာဟာရပင်ဖြစ်သည်။ မိမိ၏စိတ်သည် မိမိအောင်မြင်တိုးတက်မှုတွင် အရေးပါဆုံးအရာဖြစ်သည်။ စိတ်ဓာတ်ကျဆင်းနေသူတစ်ယောက်သည် ရုပ်ရည်ပါပြောင်းလဲ၍ အရာရာတိုင်းတွင်ပျော့ညံ့နေတတ်သည်။ အရာရာတိုင်းကို "မဖြစ်နိုင်ပါဘူး" ဟူသောစကားလုံးဖြင့် အရှုံးပေးနေရတတ်သည်။ အောင်မြင်ခြင်းဟူသည်များစွာဝေးကွာနေပေလိမ့်မည်။ ထို့ကြောင့် မိမိတို့၏စိတ်ကို မိမိတို့ကိုယ်တိုင် အာဟာရတိုက်ကျွေးရန်လိုအပ်ပါသည်။ ဤလောက၌ မိမိတို့ပြုလုပ်၍မရသောအရာမရှိ၊ မပြုလုပ်ရသေးသည်သာရှိသည် ဟူသောစကားကို ကျောင်းသား၊ ကျောင်းသူများ စိတ်နှလုံးသွင်းထားကြရမည်။ ❖

မှ စနစ်တကျလေ့ကျင့်ထားရန် လိုအပ်ပါသည်။ ကောင်းနိုးရာရာကို ရွေးချယ်ကျက်မှတ်ရမည်မဟုတ်။ စာမေးပွဲနီးလာသည်နှင့်အမျှ အနီးကပ်ဟူသော ထင်ကြေးသင်ခန်းစာများကို လူတချို့ကဖြန့်ဝေကြသည်။ ဖြတ်လမ်းနည်းဖြင့်ငွေရှာကြသကဲ့သို့ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘတချို့ကလည်း နားယောင်ကာ ဝယ်ယူကြသည်။ မည်သူမျှ အတိအကျမသိနိုင်သော မေးခွန်းများကိုဝယ်ယူ၍ လေ့ကျင့်ကြခြင်းသည် ငွေကြေးနှင့်အချိန်ကို ဖြုန်းတီးခြင်းသာဖြစ်သည်။ မိမိပိုင်နိုင်သော သင်ခန်းစာတချို့ကိုပင် လက်လွှတ်ဆုံးရှုံးရတတ်ပါသည်။ ထို့ကြောင့် ထင်ကြေးသင်ခန်းစာများကို လေ့လာကြမည့်အစား မိမိပိုင်နိုင်သော သင်ခန်းစာများကိုသာ ထပ်မံ၍လေ့လာခြင်းက ပို၍အကျိုးထူးမည်ကို သတိပြုပြင်ဆင်ကြရမည်ဖြစ်သည်။

စာမေးပွဲအချိန်နီးကပ်ပြီဖြစ်၍ ဘာသာရပ်အလိုက် လေ့လာရမည့်စာအုပ်များကို စနစ်တကျစီရီထားရမည်။ တစ်နေ့တာကာလတွင် ဘာသာရပ်အားလုံးကို စိတ်ထဲပေါ်လာသမျှ မွှေနှောက်လေ့လာရမည့်အချိန်မဟုတ်တော့ပေ။ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မိမိအတွက် သေချာသောလေ့လာမှုရှိသည့် သင်ခန်းစာများကိုသာလေ့လာ၍ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချရမည်ဖြစ်သည်။ သင်ခန်းစာများကို အလွတ်အော်ကျက်ရမည့်အချိန်မဟုတ်တော့ပေ။ လေ့လာသိရှိပြီးသည့် သင်ခန်းစာများကိုသာ မိမိစိတ်ထဲတွင်စွဲမြဲရန် စာဖတ်သကဲ့သို့ဖတ်ခြင်း၊ ပုံပြင်ပြောသကဲ့သို့ လေ့ကျင့်ခြင်း၊ မိမိပတ်ဝန်းကျင်နှင့်ဆက်နွှယ်သောသဘောတရားများကို သဘောပေါက်အောင် လေ့ကျင့်ခြင်းတို့ဖြင့် စာမေးပွဲဟူသောပြိုင်ပွဲကို ယှဉ်ပြိုင်နိုင်ရန် ကြိုးစားအားထုတ်ပြင်ဆင်ကြရမည်သာဖြစ်သည်။

စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘာသာရပ်တိုင်းကို ပေါ့ဆစွာလေ့လာခြင်းကိုရှောင်ကြဉ်ရမည်။ မြန်မာဘာသာသည် မိခင်ဘာသာဖြစ်၍ လွယ်ကူသည်ဟုမယူဆသင့်ပေ။ ဘာသာရပ်တိုင်းတွင် ခက်ခဲနက်နဲမှုရှိပါသည်။ မိခင်ဘာသာရပ်တွင် စာလုံးပေါင်းသတ်ပုံမှန်ကန်မှုရှိအောင် လေ့လာရမည်။ သင်ခန်းစာများ၏ အဓိကဆိုလိုရင်းကို နားလည်သဘောပေါက်အောင် ဖတ်မှတ်ရမည်။ စာစီစာကုံး၊ အဆိုအမျှော်နှင့်ပတ်သက်သော သုတရသများကို မိမိဉာဏ်စွမ်းရှိသရွေ့ လေ့လာဖတ်မှတ်ရပေမည်။ အင်္ဂလိပ်ဘာသာရပ်တွင် Grammar အပိုင်းကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ကြရမည်ဖြစ်သည်။

သင်္ချာဘာသာရပ်တွင် သီအိုရီများ၊ ပုံသေနည်းများကို သေချာဖတ်မှတ်ထားရမည်။ သင်္ချာဘာသာရပ်သည် အလွတ်ကျက်မှတ်ရသည်မဟုတ်။ ထပ်ခါတလဲလဲ လက်ဖြင့်တွက်ချက်၍ လေ့ကျင့်ရမည်သာဖြစ်သည်။

ဓာတုဗေဒဘာသာရပ်တွင် ထုတ်ဖော်ပုံများ၊ ဖော်မြူလာများ၊ ဥပဒေသများကို နားလည်သဘောပေါက်အောင် လေ့လာကြရမည်ဖြစ်သည်။ ရူပဗေဒဘာသာရပ်တွင် စည်းမျဉ်းဥပဒေသများ၊ ရေဖိအား၊ ကမ္ဘာမြေဆွဲအား၊ အလင်းပြန်ခြင်း၊ အပြန်အလှန်သက်ရောက်ခြင်း စသည့်နိယာမများကို နားလည်သဘောပေါက်အောင် လေ့ကျင့်ထားကြရမည်။ ဘောဂဗေဒ၊ ဇီဝဗေဒ စသည့် ဘာသာရပ်များသည် မိမိတို့၏ခန္ဓာကိုယ်ဖြစ်တည်မှု၊ မိမိပတ်ဝန်းကျင်မှ သဘာဝတရားများ၊ မိမိတို့၏နေ့စဉ်ပြုမူမှုများ၊ နေ့စဉ်စားသောက်နေထိုင်မှုအတွက် ဝယ်ယူဆောင်ရွက်မှုများဖြင့် ဆက်စပ်၍ လေ့လာကျက်မှတ်ရမည်သာဖြစ်သည်။ သို့မှသာ သင်ခန်းစာများကို ဖတ်မှတ်မှုလွယ်ကူပြီး စာမေးပွဲဖြေဆိုရာတွင် များစွာအထောက်အကူပြုမည်သာဖြစ်သည်။

စာမေးပွဲဖြေဆိုရန်နီးကပ်နေသည့် ယခုအချိန်အခါတွင် အုပ်စုဖွဲ့၍စာကျက်မှတ်ခြင်းကို ရှောင်ကြဉ်ကြရမည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားသည် နေရာတိုင်းတွင် ညီတူသည်မဟုတ်။ မိမိလေ့လာလိုသော သင်ခန်းစာနှင့် တစ်ဖက်သူလေ့လာလိုသောသင်ခန်းစာတို့သည် မတူညီနိုင်ပေ။ ထိုအခါ စိတ်အနှောင့်အယှက်ဖြစ်၍ စာကျက်မှတ်ခြင်းကို ထိခိုက်စေနိုင်ပါသည်။ လေ့လာလိုသောသင်ခန်းစာတူညီသော်လည်း ရံဖန်ရံခါစကားပြောဆိုခြင်းပြုမိသည့်အခါ သင်ခန်းစာများ ကျက်မှတ်ချိန်ကိုလျော့နည်းသွားစေသည်။ နှစ်ဦးနှစ်ဖက်အကျိုးမရှိသော ရလဒ်ကိုသာလျှင် ခံစားကြရမည်ကို သတိပြုဆင်ခြင်ကြရမည်။ မိဘများကလည်း စာမေးပွဲနီးကပ်ချိန်၌ မိမိ၏သားသမီးများကို အပေါင်းအဖော်များဖြင့်ဝိုင်းဖွဲ့၍ သင်ခန်းစာလေ့လာခြင်းကို ခွင့်မပြုသင့်ပေ။ ထို့ပြင် မနားမနေသင်ခန်းစာများ လေ့လာစေခြင်း၊ တစ်ပါးသူထက်သာလွန်စေရန် ဖိအားပေးခြင်းများကို ရှောင်ကြဉ်ကြရပေမည်။ မိဘများဖြစ်စေလိုသောဆန္ဒနှင့် သားသမီးတို့၏ ဉာဏ်ရည်ဉာဏ်သွေးကြိုးစားအားထုတ်မှုတို့ကိုသာချိန်ဆ၍ အားပေးစကားပြောကြားကြရမည်သာဖြစ်သည်။

**စိတ်အာဟာရ**

လူသားတို့အတွက် အရေးကြီးဆုံးအရာမှာ စိတ်အာဟာရပင်ဖြစ်သည်။ မိမိ၏စိတ်သည် မိမိအောင်မြင်တိုးတက်မှုတွင် အရေးပါဆုံးအရာဖြစ်သည်။ စိတ်ဓာတ်ကျဆင်းနေသူတစ်ယောက်သည် ရုပ်ရည်ပါပြောင်းလဲ၍ အရာရာတိုင်းတွင်ပျော့ညံ့နေတတ်သည်။ အရာရာတိုင်းကို"မဖြစ်နိုင်ပါဘူး"ဟူသော စကားလုံးဖြင့် အရှုံးပေးနေရတတ်သည်။ အောင်မြင်ခြင်းဟူသည် များစွာဝေးကွာနေပေလိမ့်မည်။ ထို့ကြောင့် မိမိတို့၏စိတ်ကို မိမိတို့ကိုယ်တိုင် အာဟာရတိုက်ကျွေးရန် လိုအပ်ပါသည်။ ဤလောက၌ မိမိတို့ပြုလုပ်၍မရသော အရာမရှိ၊ မပြုလုပ်ရသေးသည်သာရှိသည် ဟူသောစကားလုံးကို ကျောင်းသား၊ ကျောင်းသူများ စိတ်နှလုံးသွင်းထားကြရမည်။ မိမိသည် စာဖြေဆိုသူဖြစ်သည့်အလျောက် ဖြေဆိုနိုင်ရမည်ဟူသော စိတ်နှလုံးသွင်းထားရမည်။ မိမိကျက်မှတ်ထားသော သင်ခန်းစာများကို ကောင်းစွာဖြေဆိုနိုင်မည်မှာ သေချာသည်ဟူသော စိတ်ကိုဆုပ်ကိုင်၍ စိုးရိမ်စိတ်တို့ကိုဖြေဖျောက်ကြရမည်။ တစ်ဦးတစ်ယောက်တိုင်း ထင်ကြေးပေးပြောဆိုနေသောသင်ခန်းစာများကို စိတ်မဝင်စားဘဲ မိမိကျက်မှတ်ထားသည့် သင်ခန်းစာများသည်သာ အကောင်းဆုံးမေးခွန်းဖြစ်လာမည်ဟု ယုံကြည်ထားကြရမည်ဖြစ်သည်။

စာမေးပွဲခန်းသို့ဝင်ရောက်ချိန်တွင် စိတ်အာဟာရသည် ပို၍အဓိကကျပါသည်။ စိတ်အာဟာရချို့တဲ့သွားစေသောအပြုအမူများကို ဂရုစိုက်ကြရမည်။ မိမိကျက်မှတ်ထားသည့် သင်ခန်းစာများကို ကောင်းစွာဖြေဆိုမည်၊ ဖြေဆိုရမည့်အလုပ်သည်သာ မိမိတာဝန်ဖြစ်သည်။ အမှတ်ပေးခြင်းသည် စာစစ်သူတို့၏အလုပ်ဖြစ်ပြီး အောင်မြင်ခြင်း၊ ကျရှုံးခြင်းသည် ကံတရားနှင့် မိမိ၏ကြိုးစားဖြေဆိုမှုနှင့်သာ သက်ဆိုင်သည်ဟု စိတ်ကိုအာဟာရတိုက်ကျွေး၍ ကြိုးစားဖြေဆိုကြရမည်ဖြစ်သည်။

စာမေးပွဲမေးခွန်းသည် အချိန်သုံးနာရီကြာဖြေဆိုရမည်ဖြစ်၍ အချိန်မပြည့်သေးဘဲ စာမေးပွဲခန်းအပြင်သို့ ပြန်ထွက်ခြင်းကိုရှောင်ကြဉ်ကြရမည်။ စာမေးပွဲခန်းထဲတွင် အချိန်ပြည့်နေခြင်းသည် တန်ဖိုးရှိသည်ကို နားလည်သဘောပေါက်ကြရမည်။ အချိန်နှင့်အမျှ မိမိကျက်မှတ်လေ့လာဖူးသော သင်ခန်းစာများကိုပြန်လည်မှတ်မိခဲ့လျှင် ဖြည့်စွက်ဖြေဆိုခွင့်ရှိသည်။ ဘဝတစ်ဆစ်ချိုးအတွက် တစ်မှတ်ဟူသော အမှတ်သည်လည်း များစွာအရေးပါသည်ကို သိကြရမည်။ စာမေးပွဲခန်းပြင်ပသို့ထွက်လာပြီးမှ ပြန်လည်ဝင်ရောက်ဖြေဆိုခွင့်ရသည်မဟုတ်။ အချိန်လွန်နောင်တမဖြစ်ရန် ဂရုစိုက်ကြရမည်။ ထို့ကြောင့် စာမေးပွဲခန်းသို့မဝင်ရောက်မီကတည်းက မေးခွန်းများကို အကောင်းဆုံးဖြေဆိုရန်သာ မိမိ၏အလုပ်ဖြစ်သည်ဟူသော ခံယူချက်ဖြင့် စိတ်ကို အာဟာရပေးထားရန် လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# ဘဝတစ်ကျော့

ဆလိုင်းသန်းဇော်ဝင်း



(၁)

"ပဲပြုတ်သည် ပဲပြုတ်။ ဝယ်ကြအုံးမလား ပဲပြုတ်"

သည်အသံကြားပြီဆိုသည်နှင့် တံခါးလှပ်ကြည့်ရန်ပင်မလို။ ဘွားလှကြည်မှန်း တစ်ရပ်ကွက်လုံးက သိသည်။ ဘွားလှကြည်က နံနက် ၇ နာရီတိုင်း ပဲပြုတ်ရောင်းထွက်နေကျ။

"ဘွားလှကြည် နေပါအုံး။ ထုံးစံအတိုင်း ၅၀၀ ဖိုးပေးပါ"

"ဩော်. . . အေးပါ မငီးကွက်ရေ။ ဝယ်နေကျဖောက်သည် ဒီနေ့မဝယ်မှာ စိတ်ပူနေတာ တော်ရေ့"

"ဝယ်မှာ ဝယ်မှာ စိတ်ချ ဘွားလှကြည်။ အဲပြီးတော့ နေ့လယ်ကျ ကျွန်မတို့အိမ်ဘက် လာခဲ့အုံးနော်။ ဘူးခွံလေးတွေစုထားတာ များနေပြန်ပြီ"

"အေးအေး လာခဲ့မယ်နော်။ ကျေးဇူးတင်ပါတယ်ကွယ်"

ဘွားလှကြည်က နံနက်ပိုင်းတွင် ပဲပြုတ်ရောင်းပြီး ကျန်သည့်အားလပ်ချိန်များတွင် လေးဘီးလက်တွန်းလှည်းကလေးဖြင့် ဘူးခွံ၊ ပုလင်းခွံများလိုက်ဝယ်သည်။ အလုပ်တစ်ခုမဟုတ် တစ်ခုကို အမြဲလုပ်နေလေ့ရှိသည်။

"ဘွားလှကြည်က သိပ်လောဘကြီးတယ်နော်။ အခုလဲ စားနိုင်သောက်နိုင် နေလျက်သားနဲ့ ဘာလို့ အဲလောက်ကြီး ငွေတွေကုန်းရုန်းရှာနေရတာလဲ။ အဘွားကိုကြည့်ပြီး မောလိုက်တာဟယ်"

ခင်မင်သည့်သူတိုင်းလိုလိုက သူ့ကို မကြာမကြာ ပြောလေ့၊ မေးလေ့ရှိကြသည်။ ထိုအခါများတွင် ဘွားလှကြည်ပြန်ပြောလေ့ရှိသည့် စကားများကလည်း ခိုင်လုံလှပေ၏။

"ညည်းတို့လဲ သိကြသားနဲ့အေ။ ငါ့သားလေးရဲ့ ရှေ့ရေးက ရှိသေးတယ်ကွဲ့။ သူ့အဖေ မသေခင်က စုမိဆောင်းမိထားတဲ့ ရွှေတိုရွှေစလေးတွေနဲ့ ငါရှာဖွေထားတာလေးတွေ ပေါင်းပြီး ငါတို့သားအမိအတွက် ငါ့သားလေးနာမည်နဲ့ တိုက်ခန်းလေးတစ်ခန်းလောက် ဝယ်ချင်လို့ပါအေ။ လူဆိုတာ ကိုယ်ပိုင်အသိုက်အမြုံလေးနဲ့မှကွဲ့။ အခုသာ လုပ်နိုင်ကိုင်နိုင်တုန်းမို့ အဆင်ပြေနေတာ။ တော်ကြာနေ အိမ်ငှားခမပေးနိုင်တဲ့တစ်နေ့ ငါ့သားလေး မျက်နှာငယ်ရမှာ စိုးပါတယ်"

"ဩော်. . . ဘွားလှကြည်ရယ် ဒါဆိုလဲ တစ်ယောက်ထဲချည်းမလုပ်ပါနဲ့ ပင်ပန်းလွန်းလှပါတယ်။ ဘွားလှကြည်ရဲ့သားလဲ ငယ်တော့တာမှမဟုတ်တာ။ သူ့လဲ နည်းနည်းပါးပါးခိုင်းပေါ့ ဘွားလှကြည်ရဲ့"

"အို. . . ငါ့သားလေးက ငယ်ပါသေးတယ်။ ငါ့မျက်စိထဲတော့ ကလေးပဲရှိသေးတယ်။ သူ ပျော်ပျော်ရွှင်ရွှင်နေတာ မြင်နေရရင် ငါ့မှာလဲ မောသမျှပြေရပါတယ်အေ"

ထိုကဲ့သို့ပင် ဘွားလှကြည်က အသက် ၂၈နှစ်အရွယ်ရှိပြီဖြစ်သောသားကို သူ့မျက်စိထဲတွင် ကလေးလေးသဖွယ် ချစ်မဝ ရှုမဝဖြစ်နေရှာ၏။ ဘွားလှကြည်၏ ဘဝထဲသို့ သူ့အမျိုးသားဆုံးခါနီး၊ သူ့အသက် ၄၅နှစ်ခန့်မှ ဝင်ရောက်လာခဲ့သော သားတစ်ယောက်အတွက် အသက်မကချစ်မည်ဆိုလျှင်လည်း ချစ်ထိုက်ပါပေ၏။ အကြောင်းမသိသူများက မေးမြန်းကြ၊ သနားကြသော်လည်း အကြောင်းသိသော ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာမူ သနားရုံသာရှိပြီး မိဘအရိပ်၌ ခိုလှုံနေသော သားကိုသာ မျက်မုန်းကျိုးလျက်ရှိကြလေသည်။

(၂)

ဘွားလှကြည်မျက်နှာမှာ ပြုံးပျော်ရွှင်လန်းနေ၏။ သူ့ချွေးနဲ့စာလေးနှင့် သူတို့သားအမိနှစ်ယောက် ကိုယ်ပိုင်တိုက်ခန်းကလေး ဝယ်ယူနိုင်လိုက်ပေပြီ။ အိမ်တက်မင်္ဂလာတွင် လာရောက်ကြသော ဧည့်သည်များမှာလည်း ပြုံးပျော်ရွှင်လန်းနေသော ဘွားလှကြည်မျက်နှာကို မြင်ကြရ၍ စိတ်ချမ်းသာကြရ၏။

"ဘွားလှကြည်ကတော့ ရည်မှန်းချက်တွေ ပြည့်လို့ ပျော်နေပြီပေါ့လေ။ ဝမ်းသာတယ်ဗျာ တကယ်ပါပဲ"

"ပျော်တာပေါ့ ဦးဖိုးထူးရယ်။ ဒီလိုဘဝလေး ရောက်ဖို့ ကျွန်မ အနှစ်နှစ်အလလက ကြိုးစားခဲ့ရတာ။ သားငယ်ငယ် သူ့အဖေဆုံးကတည်းကဆိုပါတော့လေ"

"ဩော်. . ."

"လုပ်ပါ။ မုန့်ဟင်းခါးလေး သုံးဆောင်ပါအုံးရှင်"

စကားသံများ ခေတ္တငြိမ်သက်သွားသည်။ ဘွားလှကြည်၏သား မောင်ကျော်သည်လည်း သူငယ်ချင်းများနှင့် ချိန်းဆိုထားသည်ဟုပြော၍ အပြင်ထွက်သွားလေ၏။

"ဩော်. . . ဒါနဲ့ ဘွားလှကြည်ကို ကျုပ်တစ်ခုလောက် ပြောချင်ပါတယ်။ စိတ်လဲမကွက်စေချင်ဘူး။ ဟင်း ဟင်း"

"ဘာများလဲ ဦးဖိုးထူးရဲ့။ ဘာလို့စိတ်ဆိုးရမှာလဲ။ ပြောပါလေ ပြောပါ။ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"ဒီလိုပါ ဘွားလှကြည်ရယ်။ အခုတိုက်ခန်းကို ခင်ဗျားသားနာမည်နဲ့ ဝယ်တယ်လို့ ကြားပါတယ်"

"ရှင်။ ဟုတ်ပါတယ်။ ဘာလို့များပါလိမ့်"

"ဟုတ်ကဲ့။ ကျုပ်တို့သဘောကတော့ ခင်ဗျားနာမည်နဲ့ပဲ ဝယ်စေချင်တာ။ တော်ကြာနေ"

"အို. . . မဟုတ်တာဘဲ ဦးဖိုးထူးရယ်။ ကျွန်မသားက အဲလောက်ကြီးလဲ မမိုက်လှပါဘူးကွယ်။ ဒီစကားတွေ သားလေးများကြားသွားရင် စိတ်မကောင်းဖြစ်နေပါ့မယ်။ နောက်များ မပြောပါနဲ့နော်"

"ဟုတ်ကဲ့ပါဗျာ။ ဘွားလှကြည် အဆင်ပြေရင် ပြီးတာပါပဲဗျာ။ သူ မရှိတုန်း အကျိုးသင့်အကြောင်းသင့် ပြောရတာပါ။ ကဲ ကျုပ်တို့လဲ ပြန်ဖို့ခွင့်ပြုပါအုံး"

ဦးဖိုးထူးနှင့် ရပ်ကွက်လူကြီးများ ပြန်သွားကြသည်။ အခြားခင်မင်သူ ဆွေမျိုး၊ မိတ်ဆွေများလည်း အသီးသီး ပြန်သွားကြလေ၏။ သည်နေရာတွင် ဘွားလှကြည်က "ကျွန်မသားက အဲလောက်ကြီးလဲ မမိုက်လှပါဘူးကွယ်"ဟု ပြောလိုက်ခြင်းမှာ အကြောင်းက ရှိနေ၏။ ပြီးခဲ့သည့် တစ်လခန့်ကမောင်ကျော်သည် ဒေါ်ထွား အရက်ဆိုင်၌ မူးပြီးမှောက်နေသဖြင့် ဘွားလှကြည်ခမျာ အလုပ်ကအပြန် အမောမပြေနိုင်အား။ သားအတွက် ပျာယာခတ်ခဲ့ရသည်။ သည့်နောက်ရက်များတွင်လည်း မကြာမကြာ မူးမှောက်နေသည်များ၊ အရက်အမူးလွန်ပြီး လဲနေသည်များ ခဏခဏကြားလာရပေသည်။ ဘွားလှကြည်မှာ တိုးတိုးတလိ၊ တိတ်တိတ်တဖုံ ချော့၍ ချော့၍သာ ဆုံးမစကားများ တတွတ်တွတ်ပြောရလေ၏။ တစ်ဖက်ကတွေးကြည့်လျှင်လည်း မောင်ကျော်မှာ အတိုင်းအဆမဲ့ အရက်သောက်တတ်ရုံကလွဲ၍ အခြားအကျင့်စရိုက်ဆိုးများ မရှိသည့်အတွက် ကြံဖန်ဝမ်းသာမည်ဆိုလျှင် ဝမ်းသာနိုင်သေး၏။ ဤသည်မှာလည်း ဘွားလှကြည်၏ ဖြေသိမ့်စရာ၊ စိတ်ချမ်းသာစရာ တွေးတောချက်များပင် ဖြစ်လေ၏။

(၃)

ကိုယ်ပိုင်တိုက်ခန်းလေး ဝယ်ယူပြီးကတည်းက ရပ်ကွက်ထဲတွင် ဘွားလှကြည်၏ ပဲပြုတ်အော်ရောင်းသံ မကြားရတော့ပေ။ သို့သော် လေးဘီးလက်တွန်းလှည်းကလေးဖြင့် ဘူးခွံ၊ ပုလင်းခွံများ ရောင်းဝယ်ခြင်းကိုမူ ဖောက်ချပြီး လုပ်ကိုင်လျက်ရှိသည်။ ရပ်ကွက်ထဲရှိ ခင်မင်သူများက သူ့ကို အကြံပေးကြပြန်သည်။

"ဘွားလှကြည်ရယ် နေပူပါတယ်။ အိမ်ဆိုင်လေး ဘာလေးဖွင့်ပြီး တည်တည်တံ့တံ့နေပါတော့လား" ဟု ပြောသူရှိသလို-

"မုန့်ဟင်းခါးဆိုင်လေးဖြစ်ဖြစ်၊ အသုပ်ဆိုင်လေးဖြစ်ဖြစ် ဖွင့်ကြည့်ပါလား" ဟု ပြောသူများလည်းရှိသည်။

မည်သို့ပင် အကြံပေးကြပါစေ ဘွားလှကြည်က-

"ငါ ဒီအလုပ်နဲ့ အဆင်ပြေနေပါပြီ။ ဖောက်သည်တွေ လဲရှိနေပြီ" ဟု ပြော၍ ဆက်လုပ်ကိုင်လျက်ရှိသည်။

သို့သော် ဘွားလှကြည်၏ အလုပ်အကိုင်၊ ဘဝကို ပြောင်းလဲသွားစေမည့် အကြောင်းအရာအဖြစ်အပျက်တစ်ခုက မမျှော်လင့်ဘဲ ဝင်ရောက်လာခဲ့လေ၏။

ဟုတ်သည်။ မောင်ကျော် မိန်းမရသွားပေပြီ။ လွယ်လွယ်ကူကူရခြင်းတော့မဟုတ်။ သား မယူလျှင် မရတော့ဘူး ဟူသော ပြောကြားချက်များကြောင့် ရှိစုမဲ့စုငွေကလေးဖြင့် တစ်ဖက်မိဘများကို ကန်တော့ကြေးငွေ ဈေးဆစ်ညှိနှိုင်းကာ တောင်းယူပေးလိုက်ရခြင်းဖြစ်သည်။ ဘွားလှကြည်ကတော့ ပုံမှန်ပင်။ သားလုပ်သူပျော်လျှင် သူသည်လည်း ပျော်ရွှင်နေသည်သာ။

အနီရောင်ရဲရဲဆိုးထားသော ဆံပင်ကုပ်ဝဲ၊ စကတ်ဒူးပေါ်နှင့် မောင်ကျော်၏ဇနီးဖြစ်သူသည် ဘွားလှကြည်တို့အိမ်ပေါ်သို့ ရောက်လာပေပြီ။

သူတို့ အစစအရာရာ အဆင်ပြေကြပါပေ၏။ ဘွားလှကြည်မှာလည်း ကုန်ထားသော ငွေကြေးများအတွက် အလုပ်ကိုသာပို၍ကြိုးစားပြီး လုပ်ကိုင်နေ၏။

(၄)

တစ်နေ့တွင် မောင်ကျော်၏ ဇနီးဖြစ်သူက လူအားလုံးစုံချိန် ထမင်းဝိုင်းတွင် စကားတစ်ခွန်း ဆိုလာ၏။

"သမီး စကားပြောပါရစေ အန်တီ။ ကိုကိုက အလုပ်မလုပ်ချင်နေပါ။ သမီး ဒီအတိုင်းထိုင်စားနေရတာ အန်တီ့ကို အားနာလာတယ်။ ဟင်း ဟင်း"

ဘွားလှကြည်ကို အန်တီဟုခေါ်၍ မောင်ကျော်ကို ကိုကိုဟုခေါ်ခြင်းဖြစ်သည်။

"အဲဒီတော့ ဘာဖြစ်ချင်လို့လဲ သမီးရဲ့"

ဘွားလှကြည်က ပြန်မေးသည်။

"ဒီလိုပါ အန်တီရယ်။ သမီး အလုပ်လုပ်ချင်တယ်။ သမီးကို အရင်းအနှီး ထုတ်ပေးပါလားဟင်။ ကိုကိုနဲ့ သမီးတို့က အန်တီ့ကို တစ်လှည့်ပြန်လုပ်ကျွေးပါရစေရှင်။ နော် အန်တီ"

ဤသို့ ကြားရတော့လည်း ဘွားလှကြည် ဝမ်းသာသွားမိသည်။ သို့သော် သူက သူ့အားသူ့အင်ရှိသရွေ့ အလုပ်လုပ်နေချင်သူဖြစ်သည်။ ထို့ကြောင့်-

"သမီးက ဘာအလုပ်များ လုပ်ချင်လို့လဲကွယ်။ ငါ့ကို အနားယူစေချင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ငါ့မှာ ထုတ်ပေးဖို့ အရင်းအနှီးငွေ မရှိဘူးကွဲ့"ဟု ပွင့်ပွင့်လင်းလင်း ပြောရလေ၏။

"သမီးက ကွမ်းယာဆိုင်လေးဖွင့်ချင်တာပါအန်တီ။ အရင်က ကိုကိုနဲ့ မတွေ့ခင်တုန်းကလဲ ရောင်းခဲ့ဖူးပါတယ်ရှင်"

သူတို့စကားဝိုင်းက သည်မှာတင်ပြီးသွားလေ၏။ သို့သော် နောက်စကားဝိုင်းတစ်ခုက ညရောက်သောအခါ အိပ်ရာထဲတွင် စလေ၏။

"အန်တီ့ကိုပြောပေးပါနော် ကိုကို။ ကွမ်းယာဆိုင် ဖွင့်ရအောင်နော် ကိုကို။ အောင်မြင်ရင် ဆိုင်ခွဲတွေ ဆက်ဖွင့်မယ်။ ဘူးခွံ၊ ပုလင်းခွံတွေ တစ်အိမ်တက်ဆင်း လိုက်ဝယ်တာထက် ကွမ်းယာဆိုင်က ပိုပြီးကျခြေရပါတယ်။ သိက္ခာရှိပါတယ်။ နော် ကိုကို" စသည်ဖြင့် တတွတ်တွတ်ပြောနေလေ၏။

အရက်မူးနေသော မောင်ကျော်မှာ ဘာမှန်းညာမှန်းမသိ အင်းချည်းပင် လိုက်နေ၏။

"ကတိနော် ကိုကို။ အန်တီလဲ တကယ်အနားယူရအောင်။ အရင်းအနှီးငွေလဲရအောင် လိုတဲ့ငွေကို လေးဘီးလက်တွန်းလှည်းကလေး ရောင်းကြမယ်လေနော်။ ဒါပဲ ဒါပဲ အိပ်တော့ ကိုကို"

သူ ပြော၍သာ ပြောနေသည် မောင်ကျော်မှာ အမူးလွန်ပြီး အိပ်ပျော်နေပြီ။ မည်သို့ပင် ဆိုစေသည် ကိစ္စများမှာ နောက်နေ့နံနက်တွင် အကောင်အထည်ပေါ်သွားလေ၏။

မယားပြောတော့ တစ်ညဆိုသည့် စကားမှာ မှန်လှပါပေ၏။ ဘွားလှကြည်၏ လက်တွန်းလှည်းကလေး အခြားလူ၏ လက်ထဲသို့ ရောက်သွားပေပြီ။

မောင်ကျော်တို့ လင်မယားသည်လည်း ကွမ်းယာ

စာမျက်နှာ ၂၅သို့ ➤

# အိမ်မဲမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၅၃၃ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၅၃၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး၇၅၀၆၈ ဧကစိုက်ပျိုးရန် လျာထား ပြီး ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၇၆၅၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးလျာထားဧကထက် ပိုမိုစိုက်ပျိုးခဲ့နိုင်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီ စပါး ဧက ၇၅၀၀၀ ကျော်ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၇၆၅၃၃ ဧက စိုက်ပျိုးပြီးပါပြီ။ အခုနှစ် ဒေသမှာ ရာသီဥတု ကောင်းမွန်ကြောင့် စိုက်ပျိုးရတာ အဆင်ပြေပါတယ်။ ဒါ့ပြင် စိုက်ပျိုးထားတဲ့ နွေစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိလိုအပ်တဲ့နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ထိုသို့ စိုက်ပျိုးထားသည့် စပါးများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီး အလေအလွင့်မရှိစေရန်၊ တစ်ကျေချင်း စပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ စနစ်တကျ ပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းတုံမြို့နယ် ပါခတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ မတ် ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပါခတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် ပါခတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပါခတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း၃၀၀ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ပါခတ်ကျေးရွာရှိ အသင်းသား၊ အသင်းသူ ၃၄ ဦးကို ရန်ပုံငွေကျပ် ၃၉၄ သိန်းထိ ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

**ရှိုသန်းညွန့်**

➤ စာမျက်နှာ ၂၄ မှအဆက်

ဆိုင်ဖွင့်ရန် အစပျိုး လေပြီ။ ဘွားလှကြည်ကတော့ ပုံမှန်သာပင်။ သူ့သားပျော်လျှင် သူသည်လည်း ပျော်နေပြီ မဟုတ်ပါလော။ ဘူးခွံ၊ ပုလင်းခွံများကို လိုက်မဝယ်နိုင်တော့ဘဲ အိမ်လာရောင်းလျှင်မူ ဝယ်ယူထားလေ၏။

(၃)

သူ့မိန်းမ အလုပ်အကိုင်ကျင်လည်၍ပင်လော၊ ကံအကျိုးပေး၍ပင်လော မောင်ကျော်တို့၏ ကွမ်းယာဆိုင်ကလေးမှာ အဆင်ပြေလှ-သည်။

"ကိုကိုရေ အန်တီ့ကို ဘူးခွံ၊ ပုလင်းခွံတွေ ဝယ်တဲ့အလုပ်ကနေ လုံးဝ ရပ်နားခိုင်းတော့နော်။ အိမ်မှာလဲ သန့်သန့်ပြန့်ပြန့် ကျက်သရေရှိရှိ နေကြရအောင်" ဟု တစ်ခွန်းတည်းပြော၍ မောင်ကျော့ကို တစ်ဆင့် စေခိုင်းလိုက်ပြန်သည်။

မောင်ကျော်ကတော့ အရက်နွံထဲသို့ လုံးလုံးနစ်မြုပ်နေလေပြီ။ သူ့သွေးသားများသည် အရက်ဖြင့် လည်ပတ်နေကြ၏။ အရက်မသောက်ရလျှင် မနေနိုင်သော အခြေအနေသို့ ရောက်နေလေပြီ။ သူသည် အမှားအမှန်ကို မချင့်ချိန်။ သူ့မိန်းမဆီက အရက်ဖိုးငွေရလျှင် ပြီးပြီ။ ဘွားလှကြည်မှာလည်း သူ့သားနှင့် ချွေးမက မလုပ်နှင့်၊ မရောင်းတော့နှင့်ဟု ဆိုလျှင် မရောင်းရန်သာရှိမည်။ သူတို့၏ မြေစမ်းခရမ်းပျိုးသော ကွမ်းယာဆိုင်က အဆင်ပြေနေသည်ကို တွေ့မြင်ရ၍ အတွန့်မတက်သာ။ ယခုမှပင် အေးအေးလူလူနေရပေပြီဟု တွေးကာ လက်ခံလိုက်လေ၏။ လူ့ဘဝသည် ဆန်းကြယ်လှ၏။ ဘွားလှကြည်ဘဝက အေးအေးလူလူရှိမည်ကြံကာရှိသေးသည် အပူရှိန်းကံကြမ္မာများက ရိုက်ခတ်လာချေပြန်သည်။ အကြောင်းမှာ မောင်ကျော်ကို ဆေးရုံသို့ တင်ရသည်မှာ သည်အကြိမ်နှင့်ဆို သုံးကြိမ်ရှိပေပြီ။ ဆရာဝန်ကြီးက-

"ဒီတစ်ခါဆင်းရင်တော့ လုံးဝပြန် သောက်လို့ မရတော့ဘူးနော်။ တအားကြီး လှုပ်လှုပ်ရှားရှားမလုပ်ပါနဲ့။ ပြောရမှာတော့ စိတ်မကောင်းပါဘူး။ အလွန်ဆုံးနေရရင်ငါးလလောက်ပဲ" ဟု ပြောလိုက်သောကြောင့်ဖြစ်သည်။

ဘွားလှကြည်မှာ စားလည်း သားစိတ်၊ အိပ်လည်း သားစိတ်၊ နေလည်း သားစိတ်နှင့် လူနွမ်း၊ စိတ်နွမ်း ဖြစ်နေရှာ၏။ ဆရာဝန်ကြီးက ငါးလဟု ပြောလိုက်သော်လည်း မောင်ကျော်မှာ ဆေးရုံကပြန်လာပြီး ငါးရက်မျှသာ နေသွားရလေ၏။ ဘွားလှကြည်မှာတော့ မျက်ရည်နှင့် မျက်ခွက်ဖြစ်နေရပေပြီ။

(၄)

မောင်ကျော်ဆုံးပြီးကတည်းက သူ့မိန်းမမှာ ဘွားလှကြည်နှင့် လေကြော သိပ်မတည့်လှ။ ဘွားလှကြည်ကို ပြောဆိုလျှင် လေသံမာမာနှင့် ဖြစ်လာသည်။ တစ်ခါတလေလည်း အိမ်ပြန်မအိပ်ဘဲ သူ့မိဘအိမ်မှာ သွားအိပ်သည်ဟု ဆိုသည်။ မောင်ကျော်ဆုံးပြီး သုံးလမြောက်သောနေ့တွင်မူ စကားထူးထူးခြားခြားပြောဖြစ်ကြသည်။ ချွေးမလုပ်သူက ပြောလာခြင်းပင်ဖြစ်သည်။

"ဒီမှာ အန်တီ ကျွန်မယောက်ျားပိုင် ဒီတိုက်ခန်းကို ရောင်းပြီး မိဘအိမ်မှာ အပြီးသွားနေတော့မယ်။ မိဘအရိပ်က အလုံခြုံဆုံးပဲလေ။ ဒီလောက်ဆို အန်တီသဘောပေါက်မှာပါ"

ထိုသို့ ကြားရလျှင် ကြားရချင်း ဘွားလှကြည်မှာ ရင်ဘတ်ကို လက်ဖြင့်ဖိကာ ခေါင်းထဲကလည်း မိုက်ခနဲဖြစ်သွား၏။ တစ်ပူပေါ် နှစ်ပူဆင့်။ တစ်ခွန်းတလေမျှ ပြန်မပြောနိုင်။ သားတစ်ယောက်လုံး စွန့်လွှတ်ရသည်လောက် မပြင်းထန်သော်လည်း ဝေဒနာအရင်းခံ မကျက်တကျက်ရှိဆဲ လူတစ်ယောက်အဖို့ ရင်ဝကို လှံအချွန်တစ်ထောင်နှင့် ထိုးဆွဘိသကဲ့သို့ နာကျင်လှပေ၏။

ဒေါ်နှင့်မောနှင့် ဆင်းသွားသောချွေးမလုပ်သူ၏ ကျောပြင်ကို ကြည့်ရင်း မျက်ရည်ပူများက စီးကျကာ အမြင်အာရုံများ ဝေဝါးကုန်၏။ အသစ်ထွက်ပေါ်လာစရာ သွေးမျက်ရည်များ ခန်းခြောက်သွားသည်ထိ ငိုရှိုက်ရင်း အခန်းထဲတွင် ကျန်ရစ်ခဲ့လေ၏။

(၅)

"ပဲပြုတ်သည် ပဲပြုတ်။ ဝယ်ကြအုံးမလား ပဲပြုတ်"

သည်အသံကြားပြီဆိုသည်နှင့် တံခါးလှပ်ကြည့်ရန်ပင်မလို။ ဘွားလှကြည်မှန်း တစ်ရပ်ကွက်လုံးက သိသည်။ ဘွားလှကြည်က နံနက် ၇ နာရီတိုင်း ပဲပြုတ်ရောင်းထွက်နေကျ။

"ပဲပြုတ်သည် ပဲပြုတ်"

သူ့အသံတွင် တစ်ချက်တစ်ချက် ရှိုက်သံလိုလို ဝမ်းနည်းသံပါသည်။

"ဘွားလှကြည်က ဘယ်မှာနေတာလဲ" ဟု မေးလျှင်-

"အမျိုးတွေအိမ်မှာ ခဏကပ်နေတာပါ" ဟု ဘွားလှကြည် ဖြေပါလိမ့်မည်။

## ကျေးရွာအလှ စာစီသ

- စိမ်းရောင်စို တောင်ညိုမှိုင်း
  ဝိုင်းပတ်လို့ စီကာနေ၊
  ရှုခင်းသာ ကြည့်မဝ
  လှရက်နိုင်ပေ၊
  ကျေးငှက်တို့ ပျော်ရာမြေ
  ဂနိုင်ခြေ စုံမြိုင်တွင်း၊
  တောင်ကျရေ ချောင်းနှုတ်ခမ်း
  ပန်းမျိုးစုံခင်း။

- ကျေးတောရွာ ပျိုတစ်သင်း
  ရေခပ်ဆင်း ညနေချိန်၊
  နေဝင်းနီ တောင်စွယ်နောက်
  ထိုးဖောက်ရောင်မှိန်၊
  ဆည်းဆာအလှ လေငြိမ်ငြိမ်
  အဖြူရောင်တိမ် ဟိုအဝေး၊
  ကောင်းကင်ယံ မိုးပြာအောက်
  လျှောက်လို့သာပြေး။

- နွားကျောင်းပြန် လူငယ်လေး
  သီဆိုကြွေး တေးသံစဉ်၊
  ကြားရသူ နားဝထဲ
  ဆည်းလည်းသံလွင်၊
  သဘာဝ ပုံရိပ်အသွင်
  ရသစုံလင် မြင်သမျှ၊
  စာစီကာ မကုန်သေးပါတဲ့
  ကျေးရွာအလှ။ ။

**မယ်မင်းခ(စေရာ)**

# မင်းလှမြို့နယ် စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြီးကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၇ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာ စိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စမ်းကြီးကျေးရွာရှိ မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စမ်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၃၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၆ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ငွေကျပ် ၃၉ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုလေး**

# အာဆီယံနိုင်ငံများကြား ကာကွယ်ရေးစက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအလားအလာ

လက်ရှိအချိန်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ တပ်မတော်များကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ ထိုသို့အဆင့်မြှင့်တင်တည်ဆောက်လာခြင်းသည် ခေတ်လွန်လက်နက်စနစ်များနေရာတွင် ခေတ်မီစစ်လက်နက်ပစ္စည်းများဖြင့်အစားထိုးသွားရန်အပြင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းပထဝီနိုင်ငံရေးဆိုင်ရာ မသေချာမရေရာမှုများ၊ အထူးသဖြင့် အမေရိကန်နှင့် တရုတ်တို့ကြား ပြိုင်ဆိုင်မှုမြင့်တက်လာမှုများကြောင့်ဖြစ်သည်။ ပထဝီနိုင်ငံရေးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဒေသတွင်းနိုင်ငံများသည် နည်းပညာပိုင်းအရ အဆင့်မြှင့်ခေတ်မီတပ်မတော်များ ပိုင်ဆိုင်ခြင်း၏အရေးပါမှုကို ပိုမိုသတိထားမိလာလျက်ရှိသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ဒေသတွင်းကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးစိတ်ကူးစိတ်သန်းပိုမိုခိုင်မာအားကောင်းလာလျက်ရှိသည်။

စင်စစ်အားဖြင့် ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည့်စိတ်ကူးစိတ်သန်းသည် အရှေ့တောင်အာရှနိုင်ငံများအတွက် အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အာဆီယံနိုင်ငံများသည် ပြည်ပမှတင်သွင်းသောစစ်လက်နက်ပစ္စည်းများအပေါ် အလွန်အမင်းမှီခိုအားထားရလျက်ရှိသည်။ အထူးသဖြင့်စစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများ၊ တိုက်လေယာဉ်များနှင့်တိုက်ပွဲဝင်တင့်ကားများကို ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းရလျက်ရှိသည်။ ထိုသို့မှီခိုအားထားနေရခြင်းသည် မဟာဗျူဟာမြောက်ခြိမ်းခြောက်မှုများဖြစ်ပေါ်စေနိုင်ပေသည်။ အကြောင်းမူကား ပြည်ပတင်ပို့မှုမူဝါဒများပြောင်းလဲခြင်းနှင့် လက်နက်ရောင်းချသူများ၏ အမျိုးသားရေးဦးစားပေးမှုများသည် အာဆီယံတပ်မတော်များ ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အတားအဆီးများဖြစ်ပေါ်စေလျက်ရှိသည်။ အမှန်တော့ ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားကတည်းက လက်နက်ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှောင့်နှေးကြန့်ကြာမှုဖြစ်လာခဲ့သည်။ အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏ လက်နက်တိုက်များနှင့် မဟာမိတ်များ၏ လက်နက်တိုက်များကိုသာ ဖြည့်တင်းနိုင်ရန် ဦးစားပေးလုပ်ဆောင်လျက်ရှိကြသည်။

လက်ရှိအချိန်တွင် အနောက်အုပ်စုသည် ယူကရိန်းအရေးကိုအကြောင်းပြု၍ ရုရှားနိုင်ငံကို ပိတ်ဆို့ရန်ကြိုးပမ်းလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် အရှေ့တောင်အာရှအစိုးရများသည် ရုရှားနိုင်ငံထုတ်လက်နက်စနစ်များကို ဝယ်ယူဖြည့်တင်းရာတွင် စိန်ခေါ်မှုများ ရင်ဆိုင်လာရလျက်ရှိသည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ရုရှားနိုင်ငံထံမှ Su-35 တိုက်လေယာဉ်များ ဝယ်ယူမည့်အစီအစဉ်ကိုစွန့်လွှတ်ခဲ့ရသည်။ အမှန်တော့ အင်ဒိုနီးရှားနိုင်ငံသည် စစ်လက်နက်ပစ္စည်းများဝယ်ယူရာတွင် နိုင်ငံတစ်နိုင်ငံတည်းအပေါ်မှီခိုနေရသည်ထက် နိုင်ငံပေါင်းစုံထံမှဝယ်ယူနိုင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် Rafale တိုက်လေယာဉ်၊ Scorpene Evoved ရေငုပ်သင်္ဘောနှင့် ATMACA သင်္ဘောဖျက်ဒုံးကျည်ကဲ့သို့သော အကြီးစားကာကွယ်ရေးထုတ်ကုန်များ ဝယ်ယူရရှိရေးအတွက် ပြင်သစ်၊ တူကီယဲနိုင်ငံတို့နှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးထူထောင်ရန် ရွေးချယ်ခဲ့သည်။

ထို့ပြင် ပြည်ပမှတင်သွင်းလာသော ပစ္စည်းများနှင့် ဝန်ဆောင်မှုများအပေါ် အလွန်အမင်းမှီခိုအားထားခြင်းသည် အာဆီယံစီးပွားရေးလုပ်ငန်းများမှဘဏ္ဍာရေးအရင်းအမြစ်များကို လမ်းကြောင်းပြောင်းစေနိုင်သောကြောင့် ပြည်တွင်းဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသတွင်း ကာကွယ်ရေးစက်မှုလုပ်ငန်းတိုးတက်နိုင်မှုအလားအလာကို အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင်အာဆီယံဒေသတစ်ခုလုံးတွင် ကာကွယ်ရေးစက်မှုလုပ်ငန်း မိတ်ဖက်ဆောင်ရွက်ခြင်းသည် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ကန့်သတ်ချက်ရှိနေသောသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစွမ်းဆောင်ရည်များကို ဖြေရှင်းနိုင်သည့်အလားအလာကောင်းများ ပိုင်ဆိုင်လာမည်ဖြစ်သည်။ ဥရောပနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝယ်ယူမှုအစီအစဉ်များ ပူးတွဲဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများရရှိလျက်ရှိသည်။ ထို့ပြင် ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းသည် အာဆီယံတပ်မတော်များကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ယုံကြည်မှုတို့ကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် ဒေသတွင်းကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာတွင် သိသာထင်ရှားသောအတားအဆီးများရှိနေသည်။ ပထမဆုံးအချက်မှာ မြင့်မားသောလျှို့ဝှက်ချက်နှင့် နိုင်ငံရေးဆိုင်ရာအထိအခိုက်မခံသောအခြေအနေများကို ပူးတွဲဖြေရှင်းသွားလိုသည့် စိတ်ဆန္ဒရှိနေရန်လိုအပ်ပေသည်။ ထိုသို့လုပ်ဆောင်ရာတွင် တည်ရှိဆဲရှုပ်ထွေးသောစည်းမျဉ်းစည်းကမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို ချိန်ညှိလုပ်ဆောင်သွားရန်လိုအပ်သည်။ အထူးသဖြင့် ကာကွယ်ရေးနည်းပညာလုံခြုံမှု၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ ကုန်သွယ်မှုအကျိုးစီးပွားကာကွယ်ခြင်းဝါဒတို့နှင့်ဆက်စပ်သောလုပ်ငန်းများကို ချိန်ညှိလုပ်ဆောင်သွားရန်လိုအပ်သည်။ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် နိုင်ငံရေးပြောင်းလဲမှုများ၊ ခြိမ်းခြောက်မှုအမြင်များ၊ အမျိုးသားလုံခြုံရေးဦးစားပေးမှုများကိုသာ ထုတ်ဖော်ပြသလျက်ရှိသဖြင့် ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာရည်မှန်းချက်များတွင် ပူးပေါင်းဆောင်ရွက်ရန်စိန်ခေါ်မှုဖြစ်လျက်ရှိသည်။ ကမ္ဘောဒီးယားနှင့်လာအိုတို့အနေဖြင့် ပထဝီမြေပြင်အခြေအနေအရ ကုန်းမြေအခြေစိုက်ကာကွယ်ရေးစွမ်းဆောင်ရည်များကို ဦးစားပေးဆောင်ရွက်သွားလိုသော်လည်း အင်ဒိုနီးရှား၊ စင်ကာပူနှင့်ဖိလစ်ပိုင်တို့သည် ဝေဟင်နှင့်ရေပြင်ဆိုင်ရာစွမ်းဆောင်ရည်များကို အလေးထားဆောင်ရွက်သွားဖွယ်ရာရှိသည်။

အခြားအတားအဆီးတစ်ခုမှာ ကာကွယ်ရေးကဏ္ဍတွင် ရန်ပုံငွေထူထောင်ရာ၌ အာဆီယံနိုင်ငံများမှ အစိုးရများ၏စွမ်းဆောင်ရည်နှင့် စိတ်ဆန္ဒမတူကွဲပြားနေခြင်းပင်ဖြစ်သည်။ သာဓကအနေဖြင့် ဒေသတွင်း၌ အချမ်းသာဆုံးဖြစ်သည့် စင်ကာပူနိုင်ငံသည် ၁၉၉၀ပြည့်လွန်နှောင်းပိုင်းမှ ၂၀၀၀ ပြည့်အစောပိုင်းကာလများတွင် အများဆုံးကာကွယ်ရေးဘတ်ဂျက်ကို ထိန်းသိမ်းထားရှိခဲ့သည်။ ကမ္ဘာ့ဘဏ်အချက်အလက်များအရ စင်ကာပူနိုင်ငံသည် နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိသည်ဟုဆိုသည်။ သို့သော် စင်ကာပူနိုင်ငံထက် ရှစ်ဆခန့်ပိုကြီးမားသော ဘရူနိုင်းနိုင်ငံသည် နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်သာရှိသည်။

ထို့ပြင် အင်ဒိုနီးရှားအနေဖြင့်လည်း ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲလျက်ရှိသော်လည်းတိုင်းပြည် GDP ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ထိ မရှိသေးပေ။ စင်ကာပူနှင့် အင်ဒိုနီးရှားတို့သည် ၎င်းတို့မှာယူထားသော F-35 နှင့် Rafale တိုက်လေယာဉ်များ လက်ခံရရှိရန်စောင့်ဆိုင်းလျက်ရှိသော်လည်း မလေးရှားနိုင်ငံအနေဖြင့် ၎င်း၏သက်တမ်းရင့်ဂျက်တိုက်လေယာဉ်အုပ်ကို အဆင့်မြှင့်တင်ရန် အပေါ့စားတိုက်လေယာဉ်ကိုသာမှာယူရလျက်ရှိသည်။

ထို့ပြင် အာဆီယံဒေသတွင်းနိုင်ငံများသည် ဘဏ္ဍာရေးကန့်သတ်ချက်ရှိနေသည်။ စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျု (SIPRI) ၏ အဆိုအရ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများ၏နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ်တိုးတက်မှုသည် ၁၃ ရာခိုင်နှုန်းခန့်သာရှိပြီး အဆိုပါပမာဏသည် ကမ္ဘာလုံးဆိုင်ရာစစ်ရေးအသုံးစရိတ်၏ ၁ ဒသမ ၉ ရာခိုင်နှုန်းခန့်သာရှိသည်။

အရှေ့တောင်အာရှဒေသ၏ နိုင်ငံပေါင်းစုံနယ်စပ်ဖြတ်ကျော်ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရန်အတွက် အခြေခံအုတ်မြစ်ချမှတ်ထားခြင်းသည် မင်္ဂလာသတင်းကောင်းပင်ဖြစ်သည်။ ၂၀၁၁ ခုနှစ်မေလတွင် ဂျကာတာမြို့၌ ပြုလုပ်သည့် ကိုးကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးတွင် အရှေ့တောင်အာရှနိုင်ငံများသည် အာဆီယံကာကွယ်ရေးစက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုထူထောင်ခြင်းနှင့် စပ်လျဉ်း၍ အမြင်သဘောထားအယူအဆစာတမ်းကို ချမှတ်ခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်သည် စီမံကိန်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ကာကွယ်ရေးထုတ်ကုန်များနှင့်ဝန်ဆောင်မှုလုပ်ငန်းများတွင် အာဆီယံကုန်သွယ်မှုတိုးမြှင့်ရန်၊ အာဆီယံ၏ နည်းပညာနှင့်စက်မှုလုပ်ငန်းဆိုင်ရာပြိုင်ဆိုင်မှုများနှင့် ဒေသတွင်းကာကွယ်ရေးစက်မှုလုပ်ငန်းဖွံ့ဖြိုးမှုအဆင်ပြေချောမွေ့စေနိုင်သည့်မက်လုံးများဖန်တီးပေးရန်ရည်မှန်းထားရှိသည်။ သို့သော် ဆယ်စုနှစ်တစ်ခုကျော်သည့်တိုင်အောင် အဆိုပါအယူအဆအကောင်အထည်ဖော်ရန်နှေးကွေးနေဆဲပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ အာဆီယံနိုင်ငံများသည် နှစ်နိုင်ငံအဆင့်တွင် ကာကွယ်ရေးဆိုင်ရာလိုအပ်ချက်များ အပြန်အလှန်ပံ့ပိုးပေးသည့် ၎င်းတို့၏စွမ်းဆောင်ရည်ကိုပြသလျက်ရှိသည်။ သာဓကအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင်သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ PT PAL Indonesia သည်လက်ရှိအချိန်တွင် ဖိလစ်ပိုင်ရေတပ်အတွက် ကမ်းထိုးရေယာဉ် နှစ်စီးတည်ဆောက်ပေးလျက်ရှိသည်။ အခြားအင်ဒိုနီးရှားကုမ္ပဏီဖြစ်သည့် PT Dirgantara သည် ဖိလစ်ပိုင်လေတပ်အတွက် NC-212i အမျိုးအစားအပေါ့စားလေယာဉ် ခြောက်စင်းတည်ဆောက်ပေးရန် ကန်ထရိုက်ရရှိထားသည်။ နိုင်ငံပိုင်လေယာဉ် တည်ဆောက်သည့် PT Dirgantara သည် တော်ဝင်မလေးရှားလေတပ်အတွက် CN-235-220 လေယာဉ်သုံးစင်းကိုလည်း အဆင့်မြှင့်တင်ပေးလျက်ရှိသည်။

ထို့ပြင် လွန်ခဲ့သောနှစ်များတွင် စင်ကာပူ၏ ST Engineering သည် ၎င်း၏ CIS 50MG စက်သေနတ်နှင့် 40MM အလိုအလျောက်ဗုံးပစ်လောင်ချာ ထုတ်လုပ်ရန် အင်ဒိုနီးရှား၏ PT Pindad ကို ထုတ်လုပ်ခွင့်အာဏာခွင့်ပြုထားသည်။ ST Engineering သည် အင်ဒိုနီးရှားလေတပ်၏ C-130 လေယာဉ်အုပ်အတွက်ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် အလုံးစုံစစ်ဆေးခြင်း(MRO) ဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၂၃ ခုနှစ်ထိ ဆက်လက်လုပ်ဆောင်ပေး လျက်ရှိသည်။

အလားတူ ဗီယက်နမ်၏ Helicopter Technical Service Corporation (Helitechco) သည် အင်ဒိုနီးရှားကြည်းတပ်၏ Mi-17V ရဟတ်ယာဉ်များကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ နှစ်နိုင်ငံစလုံးသည် ရုရှားထုတ် Su-27/30 တိုက်လေယာဉ်အတွက် ပူးပေါင်းဆောင်ရွက်မှု အလားအလာကိုလည်းဆွေးနွေးလျက်ရှိသည်။

စစ်လက်နက်ပစ္စည်းများဝယ်ယူသွားမည့်စီမံကိန်းများကလည်း ဒေသအလိုက်ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေနိုင်သည်။ သာဓကအနေဖြင့် တောင်ကိုရီးယားမှဝယ်ယူမည့် FA-50 အပေါ့စားတိုက်လေယာဉ် ၁၄ စင်းကို ပြည်တွင်း၌ တပ်ဆင်သွားမည့်မလေးရှား၏ အစီအစဉ်သည် လေယာဉ်အတွက် ဒေသတွင်းဗဟိုချက်မဖြစ်လာစေရန် အခွင့်အလမ်းဖွင့်ပေးထားသည်။အကြောင်းမူကား ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်းအလားတူလေယာဉ်များအသုံးပြုလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

အလားတူ ပြင်သစ်နိုင်ငံက Scorpene Evolved ရေငုပ်သင်္ဘော နှစ်စီးကို အရှေ့ဂျာဗားပြည်နယ် ဆူရာဘာယာ၌ တည်ဆောက်ရန်ကမ်းလှမ်းမှုကိုလက်ခံသွားမည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံသည် ခေတ်မီရေငုပ်သင်္ဘောများတည်ဆောက်နိုင်သည့် စွမ်းဆောင်ရည်ရှိသောအာဆီယံ၏ တစ်ခုတည်းသောနိုင်ငံဖြစ်လာမည်ဖြစ်သည်။ ထိုသို့တည်ဆောက်သွားနိုင်မည်ဆိုလျှင် Scorpene ရေငုပ်သင်္ဘော နှစ်စီးပိုင်ဆိုင်ထားသည့် မလေးရှားအတွက် အကျိုးကျေးဇူးရရှိလာမည်ဖြစ်သည်။ ဖိလစ်ပိုင်အနေဖြင့်လည်း ပြင်သစ်ထုတ်ရေငုပ်သင်္ဘောများကို ရွေးချယ်သွားမည်ဆိုလျှင် အကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

ထို့ကြောင့် အာဆီယံနိုင်ငံများအနေဖြင့် ၎င်းတို့၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ရေးအတွက် အခွင့်အလမ်းနှင့်အကျိုးကျေးဇူးများစွာတည်ရှိလျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်ကို အလေးထားဆောင်ရွက်သွားမည်ဆိုလျှင် ပူးပေါင်းဆောင်ရွက်မှုအတွက်ဖြစ်နိုင်ခြေရှိသည်။ အသေးစားစီမံကိန်းများအောင်မြင်မှုရရှိအောင် ဆောင်ရွက်ခြင်းသည် ယုံကြည်မှုတည်ဆောက်နိုင်ပြီး ပူးပေါင်းဆောင်ရွက်မှု၏ တန်ဖိုးကိုပြသနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် အနာဂတ်တွင်အကြီးစားစီမံကိန်းများဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် အာဆီယံအနေဖြင့် မိမိကိုယ်ကိုတည်မှီနိုင်သည့်လုံခြုံရေးအသိုက်အဝန်းကို တည်ဆောက်နိုင်ပြီး အသင်းကြီး၏ စုစည်းမှုအင်အားကိုလည်း တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

**ကိုးကား**

- **The Case for Greater ASEAN Defense Industry Collaborations by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဥမ္မာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်ကွဲများ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ပြည်တွင်းမှာ ငါးစာ၊ ကြက်စာ၊ ဝက်စာတွေအဖြစ် အသုံးပြုတာများပါတယ်။ ရန်ကုန်ဘက်က ဈေးကောင်းလဲရသလို ကုန်ပစ္စည်းတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိတင်ပို့လို့ အဆင်ပြေပါတယ်။ ဆန်ကွဲအိတ်တွေက စက်တင်ဘာလ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအား သိသိသာသာ လိုက်လာတာပါ" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဥမ္မာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့်ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀ မှ ၄၅၀၀၀ ထိ ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများတင်ပို့ရောင်းချအားတက်လာသည့်အတွက် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင် ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တွံတေးမြို့နယ် ကလီထော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တွံတေး မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကလီထော်ကျေးရွာအုပ်စု ကလီထော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကလီထော်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ အရှည် ၃ ဒသမ ၇၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၂၉၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြင့်ထွန်းဦးကုမ္ပဏီက ၂၀၂၃ ခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကလီထော်ကျေးရွာရှိ အိမ်ခြေ ၃၀၈ အိမ်၊ လူဦးရေ ၁၂၈၇ ဦးတို့၏ လယ်ယာဧက ၁၀၀ မှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးနေဝင်းထံမှ သိရသည်။

**မောင်နိုင်**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၂၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၂၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၆၅၁၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၂၈၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြသည်။



ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။

(၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် မတ် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ရွာသာယာကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရွာသာယာကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ခံများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဦးမျိုးသက်ထွန်းက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရွာသာယာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၁၆ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသာယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၇ ဦးကို ငွေကျပ် ၃၅ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၄ ဒသမ ၆၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၁၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၁၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# လှိုင်းဘွဲ့မြို့နယ် ကော့ဝါးမီကျေးရွာ၌ ဂဝံမြေသားလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ မတ် ၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပတ်ကျောကျေးရွာအုပ်စု ကော့ဝါးမီကျေးရွာ၌ ကျေးရွာတွင်းဂဝံမြေသားလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကော့ဝါးမီကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားကြောင်း သိရသည်။

ကော့ဝါးမီကျေးရွာ၌အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကိုးလက်မရှိ ကျေးရွာတွင်း ဂဝံမြေသားလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ လီဗာပူးအသင်း၊ ရိုးမားအသင်းနဲ့ ဘက်တစ်အသင်းတို့ကို အားပေးရမှာပါ



အခုတစ်ပတ်တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းကြီးတွေနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာဖြစ်ပါတယ်။ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေရှိနေတာကြောင့် ဥရောပပွဲကစားခဲ့ရတဲ့အသင်းတွေကိုတော့ ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေမှာဖြစ်လို့ သတိထားချဉ်းကပ်ရမှာပါ။ ပြီးခဲ့တဲ့တစ်ပတ် တနင်္ဂနွေနေ့ည အသင်းကြီးတွေ့ဆုံမှုမှာတော့ အိမ်ကွင်းအားသာချက်ရှိတဲ့ အသင်းကြီးတွေအားလုံး နိုင်ပွဲရခဲ့တာဖြစ်လို့ အခုတစ်ပတ်မှာလဲ အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### လီဗာပူးအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ည ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ အဓိက ကစားသမားတွေဖြစ်တဲ့ ဆာလာဟ်၊ အာနိုး၊ အယ်လစ်ဆန်တို့ဒဏ်ရာရနေပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံခြောက်ပွဲဆက် ရှုံးပွဲမရှိဘဲရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းကို အီလီယော့၊ ဂတ်ပို၊ ဒီယက်ဂ်ိုတို့က ဦးဆောင်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးရဲ့ လူငယ်ကစားသမားစုဖွဲ့မှုဟာ ချဲလ်ဆီးလို ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းကိုတောင် အနိုင်ကစားခဲ့ပြီး ကာရာဘောင်းဖလားရယူထားတာလဲဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြကလော့ပ်တာဝန်ယူတဲ့နောက်ပိုင်း ဒုတိယရာသီဝက်ကာလတွေမှာ ကစားအားပိုကောင်းလေ့ရှိတာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ ဆာလာဟ်၊ အာနိုး၊ ဂျိုတာ၊ ဂရာဗန်ဘာ့ချ်၊ အယ်လစ်ဆန်တို့လို ကစားသမားတွေ ဒဏ်ရာရနေပေမဲ့ ရလဒ်ကျဆင်းသွားခြင်းမရှိတာကြောင့် ၂၇ ပွဲကစားအပြီးမှာ ရမှတ် ၆၃ မှတ်နဲ့ အဆင့်(၁) မှာ ဦးဆောင်နေတာကို တွေ့ရမှာပါ။ လီဗာပူးဟာ ပထမအကျော့မှာ မန်စီးတီးအသင်းကို အဝေးကွင်းကနေ သရေကစားနိုင်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာလဲ မန်စီးတီးကို ဘယ်လိုဖိအားပေးလာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

လက်ရှိ ချန်ပီယံမန်စီးတီးအသင်းဟာ ခြေစွမ်းပိုင်းကောင်းမွန်ပေမဲ့ ဒီဘရိုင်းနဲ့ ဟာလန်းတို့ ဒဏ်ရာကြုံတွေ့ချိန်မှာ ရလဒ်တွေကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ၂၇ ပွဲကစားအပြီးမှာ ရမှတ် ၆၂ မှတ်နဲ့ အဆင့်(၂) မှာရပ်တည်နေပြီး အဆင့်(၁) က လီဗာပူးနဲ့ ရမှတ်တစ်မှတ်သာ ကွာဟတာကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် အရေးကြီးနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၂၀ ထိ ရှုံးပွဲမရှိခဲ့ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ တိုက်စစ်ကစားအားကျဆင်းတတ်ပါတယ်။ အထူးသဖြင့် တိုက်စစ်မှူးဟာလန်း ဂိုးမသွင်းနိုင်တဲ့အဝေးကွင်းပွဲစဉ်တွေဟာ ဂိုးရဖို့ခက်ခဲခဲ့တာကြောင့် အခုပွဲမှာလဲ လီဗာပူးအသင်းကွင်းလယ်ကို ကျော်ဖြတ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ မန်စီးတီးအသင်းဟာ ဂရီလစ်နဲ့ မာသီးယက်စ်နူနက်တို့နှစ်ယောက်ပဲ ဒဏ်ရာရနေတာကြောင့် ကစားသမားစုဖွဲ့မှုမှာ လီဗာပူးထက်သာလွန်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းစနစ်ပိုင်းနဲ့ အိမ်ကွင်းအားသာချက်မှာတော့ လီဗာပူးအသင်းက အသာရနေတဲ့အပြင် အကျောပေးမှုကလဲ သရေရလဒ်ဆိုရင် နှစ်သင်းစလုံး ဆုံးရှုံးမှုမရှိတဲ့အခြေအနေက အနည်းဆုံးရမှတ်ခွဲယူမဲ့ လီဗာပူးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၄ | လီဗာပူး |
| လီဗာပူး | ၄ | - | ၁ | လူတန် |
| ချဲလ်ဆီး | ၀ | - | ၁ | လီဗာပူး |
| လီဗာပူး | ၃ | - | ၀ | ဆောက်သမ်တန် |
| နော်တင်ဟမ် | ၀ | - | ၁ | လီဗာပူး |

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၁ | - | ၀ | ဘရန့်ဖို့ဒ် |
| ဘုန်းမောက် | ၀ | - | ၁ | မန်စီးတီး |
| လူတန် | ၂ | - | ၆ | မန်စီးတီး |
| မန်စီးတီး | ၃ | - | ၁ | မန်ယူ |
| မန်စီးတီး | ၃ | - | ၁ | ကိုပင်ဟေဂင် |

### ရိုးမားအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ ဖီအိုရင်တီးနားအသင်းနဲ့ ရိုးမားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖီအိုရင်တီးနားအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ပြီးခဲ့တဲ့ ငါးပွဲဆက်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်း အိမ်ကွင်းရှုံးပွဲမရှိခဲ့ပေမဲ့ အဝေးသုံးပွဲမှာတော့ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၂၇ ပွဲကစားအပြီးမှာတော့ ရမှတ် ၄၇ မှတ်ထိရရှိခဲ့ပြီး အဆင့်(၈) မှာရပ်တည်နေပေမဲ့ အဆင့်(၆) က အတ္တလန်တာနဲ့ ရမှတ်လေးမှတ်ကွာဟနေတာကြောင့် ဥရောပဝင်ခွင့်ရဖို့အတွက်တော့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ နောက်ဆုံးအိမ်ကွင်းငါးပွဲဆက်မှာလဲ ဘိုလော့နာ၊ အူဒီးနီးစ်၊ အင်တာမီလန်တို့လို ကွင်းလယ်နဲ့ တိုက်စစ်ကောင်းတဲ့အသင်းတွေကို နိုင်ပွဲမရခဲ့ဘဲ ဖရိုစီဝမ်းနဲ့ လာဇီယိုတို့ကိုပဲ နိုင်ပွဲရခဲ့တာကြောင့် ရိုးမားလို ကွင်းလယ်နဲ့ တိုက်စစ်ကောင်းနေတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာသေချာပါတယ်။

နည်းပြသစ်လက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတဲ့ ရိုးမားအသင်းဟာ ၂၇ ပွဲကစားအပြီး ရမှတ် ၄၇ မှတ်ရခဲ့တာကြောင့် အဆင့်(၅) ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲမှာလဲ မွန်ဇာလို အသင်းလိုက်ကစားအားကောင်းတဲ့အသင်းကို ဂိုးပြတ်အနိုင်ရခဲ့သလို နောက်ဆုံးအဝေးကွင်းငါးပွဲဆက် ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ၄-၃-၃ ကစားကွက်မှာလဲ ဒိုင်ဘာလာ၊ လူကာကူတို့က ခြေစွမ်းပြသနေပြီး အသင်းတိုက်စစ်ကို ဦးဆောင်နေတာဖြစ်သလို ဒိုင်ဘာလာက သွင်းဂိုး ၁၂ ဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြဒီရော့ဆီဟာ ပြိုင်ဘက်ရဲ့ကစားကွက်ကိုလိုက်ပြီး ပြိုင်ပွဲအတွင်း ကစားပုံပြောင်းလဲချိန်မှာ တိုက်စစ်ကစားအားပိုကောင်းလာတာကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တယ်လို့ဆိုရမှာပါ။ ဒါကြောင့် နည်းပြဒီရော့ဆီတာဝန်ယူချိန်မှာ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့ပြီး နောက်ဆုံးသုံးပွဲမှာ ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ကြားရက်မှာ နှစ်သင်းစလုံး ဥရောပပြိုင်ပွဲတွေကစားထားရလို့ ပွဲပန်းနိုင်ပေမဲ့ ရိုးမားက အိမ်ကွင်းမှာကစားပြီး ကစားသမားအလှည့်ကျအသုံးပြုသွားတာကြောင့် ကစားသမားအနားရခဲ့တာဖြစ်ပါတယ်။ ဖီအိုရင်တီးနားကတော့ ရိုးမားနဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုအားနည်းပြီး လက်ရှိ ကစားပုံနဲ့ နည်းစနစ်ပိုင်းကလဲ ရိုးမားကိုယှဉ်ဖို့ လိုအပ်ချက်ရှိနေတာကြောင့် ရိုးမားအသင်းကိုပဲ အားပေးရမှာပါ။

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၅ | - | ၁ | ဖရိုစီဝမ်း |
| ဘိုလော့နာ | ၂ | - | ၀ | ဖီအိုရင်တီးနား |
| အမ်ပိုလီ | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၂ | - | ၁ | လာဇီယို |
| တိုရီနို | ၀ | - | ၀ | ဖီအိုရင်တီးနား |

### ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီရင်နို | ၁ | - | ၁ | ရိုးမား |
| ဖရိုစီဝမ်း | ၀ | - | ၃ | ရိုးမား |
| ရိုးမား | ၁ | - | ၁ | ဖီရင်နို |
| ရိုးမား | ၃ | - | ၂ | တိုရီနို |
| မွန်ဇာ | ၁ | - | ၄ | ရိုးမား |

### ဘက်တစ်အသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ် ၂၈ မှာ အကြိုက်တွေ့မိတာကတော့ ဘက်တစ်အသင်းနဲ့ ဗီလာရီးရဲလ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အေတီကိုအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပေမဲ့ ကစားကွက်ပိုင်းက အေတီကိုထက်ကောင်းခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာတော့ ရမှတ် ၄၂ မှတ်နဲ့ အဆင့်(၆) မှာရပ်တည်နေပြီး ဥရောပဝင်ခွင့်အတွက် အခြေအနေကောင်းနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲပဲအနိုင်ရခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အခွင့်အရေးတွေဆုံးရှုံးခဲ့ပေမဲ့ ယူရိုပါလိဂ်ဝင်ခွင့်အတွက် လာမဲ့ပွဲစဉ်တွေကို အာရုံစိုက်ရမှာဖြစ်ပါတယ်။ အခုပွဲမှာလဲ ဗီလာရီးရဲလ်လို ခြေရည်တူအသင်းနဲ့တွေ့နေတာကြောင့် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲယူဖို့ပြင်ဆင်လာမှာဖြစ်ပြီး တိုက်စစ်မှူးဗီရက်ဇ်လဲ ပါဝင်လာမှာဖြစ်လို့ တိုက်စစ်ကစားပုံကောင်းလာမှာသေချာပါတယ်။

ဗီလာရီးရဲလ်အသင်းဟာ နည်းပြသစ်လက်ထက်မှာ ကစားပုံတိုးတက်လာတာကြောင့် ၂၇ ပွဲအပြီး ရမှတ် ၃၂ မှတ်နဲ့ အဆင့်(၁၂) မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ နည်းပြသစ်လက်ထက်မှာ တိုက်စစ်မှူးဆိုးလော့ ဂိုးပြန်သွင်းနိုင်ခဲ့တာကြောင့် ဗီလာရီးရဲလ်ရလဒ်ကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ တိုက်စစ်မှူးဆိုးလော့ကတော့ အသင်းတိုက်စစ်ကိုဦးဆောင်နေပြီး ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲဆက်မှာလဲ သုံးပွဲစလုံးဂိုးရခဲ့ပြီး တိုက်စစ်ပိုင်းက ကိုးဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် အခုပွဲစဉ်ဟာ ဗီလာရီးရဲလ်ကို အားပေးမဲ့ ပရိသတ်က များနေမှာသေချာပါတယ်။ ဒါပေမဲ့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးကြိမ်မှာတော့ ဗီလာရီးရဲလ်ဟာ ဘက်တစ်ကို အနိုင်မရဘဲ နှစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ပဲ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဗီလာရီးရဲလ်ဟာ ဒဏ်ရာရကစားသမားခြောက်ယောက်ထိရှိနေပြီး ဘက်တစ်အသင်းနဲ့ယှဉ်ရင် အရန်ကစားသမားစုဖွဲ့မှုအားနည်းချက်ရှိနေတာကိုတွေ့ရမှာပါ။ အကျောပေးမှုကလဲ အိမ်ကွင်းအားသာချက်နဲ့ အသင်းလိုက်ကစားအားကောင်းတဲ့ဘက်တစ်က သရေရလဒ်ဆို တစ်ဝက်လောက်ရှုံးမဲ့အခြေအနေဖြစ်နေတာကြောင့် အိမ်ရှင်ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၀ | - | ၁ | ဒိုင်နမိုဇာဂရက် |
| ဘက်တစ် | ၀ | - | ၀ | အလာဗက် |
| ဒိုင်နမိုဇာဂရက် | ၁ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၃ | - | ၁ | ဘီလ်ဘာအို |
| အေတီကို | ၂ | - | ၁ | ဘက်တစ် |

### ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၀ | - | ၀ | ကာဒီဇက် |
| အလာဗက် | ၁ | - | ၁ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၁ | - | ၁ | ဂီတာဖေး |
| ဆိုစီဒက် | ၁ | - | ၃ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၅ | - | ၁ | ဂရန်နာဒါ |

# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထီ** ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** ပဉ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** ဒုတိယဆု
ဇာမဏီ

၃။ **ရွှေသို့ချီမည် ပန်းတိုင်ဆီ** တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နှံ့နစ်မခံ** ပဉ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရွှေသို့ချီအံ့** တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ဗည်းမော်ကွန်း** စတုတ္ထဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာပြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** ပဉ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရုဏ်ကျင်း နေမင်းဖြစ်ပါစေ** အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** အထူးဆု(၂)
ညွှန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** အထူးဆု(၃)
ဟန်ညွန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဖြပ်မြင့်မြတ်ထင်ပေါ်တပ်မတော်** စတုတ္ထဆု
မနော်ဖြူ

၅။ **အလံစောင့်၏သစ္စာ** ပဉ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်းဌာနီ မြန်မာပြည်** အထူးဆု(၁)
မြတ်ထွဏ်းနောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ မွှေးပြီလေ** တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** ပဉ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** ပထမဆု
ခန့်ပိုင်

၂။ **မန္ဓမ်းသောပန်း မခန်းသောရေ** ဒုတိယဆု
ညိမ်းညို

၃။ **အဓိဋ္ဌာဝတီ စီးဆင်းတည်ရှိနေသမျှ** တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** စတုတ္ထဆု
မနော်ဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသခ္ချေ** ပဉ္စမဆု
အမေ့သား(နတ်မောက်)

၆။ **နိုင်ကြည်သောသစ္စာဖြင့်** အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** အထူးဆု(၂)
ကျော်တေဇ(ဥက္ကလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဟင်းသီးဟင်းရွက် ၁၇၆၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ဟင်းသီးဟင်းရွက် ၁၅၅၉ ဧက စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို အသိပညာပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၂၉၉ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၆၅၀၊ ထန်ပါခွေမြို့တွင် ဧက ၁၅၀၊ နန်းယွန်းမြို့နယ်တွင် ၂၁၅ ဧက၊ ဒုံဟီးမြို့တွင် ဧက ၁၁၀ နှင့် ပန်ဆောင်မြို့တွင် ၁၃၅ ဧက စုစုပေါင်း ၁၅၅၉ ဧကဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)







## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၅၂)ရပ်ကွက်၊ Garden City ကွန်ဒိုမီနီယံတိုက်ခန်း၊ တိုက်အမှတ်(၁၁)၊ (၂)လွှာ၊ အခန်းအမှတ်(၅)၊ (၆၀၅ စတုရန်းပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ မီးမီတာ၊ ရေမီတာ အပါအဝင် သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်နှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မာမာ (ဘ) ဦးတင်အောင် (၉/မရမ(နိုင်)၀၇၇၉၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

**ဦးကျော်ကျော်သိန်း (LL,B) (DL.101 IP LAW)**
**တရားလွှတ်တော်ရှေ့နေ**
**(ယ၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။**
**ဖုန်း- ၀၉၅၁၁၄၇၇၈**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

အမရပူရမြို့နယ်၊ ယဥ်တော်စံကျေးရွာနေ ဦးဘခိုင်-ဒေါ်ခင်တူးတို့၏သမီး မခင်ခင်ကြီး(၉/မတရ(နိုင်)၂၀၄၅၄၆)နှင့် မဂျူးမြတ်ချယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း၊ ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၇-၁၉၉၈ ဖြစ်ပါကြောင်း။

**မခင်ခင်ကြီး(ခ)မဂျူးမြတ်ချယ်၊ ၁၂-၇-၁၉၉၈**

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ ငယ်တိုးတိုက်နယ်၊ သာလေစွကျေးရွာနေ မောင်နေဇော် (ဘ) ဦးဇော်မင်းဦး (၉/အမရ(နိုင်)၁၄၅၀၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-290459) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၆၃၄၆၈၀၀၅**

## မီး သတိပြု

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွန်ကုန်း)စက်ရုံအစည်းအဝေးခန်းမ၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။


(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ဆရာတော်၊ သံဃာတော်များ ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝဏ္ဏကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ချမ်းမြေ့ဇေယျာသာမဏေကျော်တက္ကသိုလ်၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ဥဿာသီရိစာသင်တိုက်၊ သာသနာ့ပါလကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော် အပါး ၁၆၀ တို့က

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**


မြန်မာ့မီးရထားက အဝေးပြေးရထားခရီးစဉ်များအတွက် မတ် ၈ ရက်မှစတင်၍ ရန်ကုန်-မန္တလေး အထူးရထားခရီးစဉ် ပြေးဆွဲပေးလျက်ရှိ စာမျက်နှာ - ၅

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် စာမျက်နှာ - ၂၆

AFC Women's Football Day 2024 အမျိုးသမီးဘောလုံးပွဲတော်ကျင်းပ စာမျက်နှာ - ၉

အပိုးဗစ်ဂြိုဟ်သိမ် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည် စာမျက်နှာ - ၇

တပို့တွဲလ စာအလင်္ကာများ ဆောင်းပါး စာမျက်နှာ - ၂၀



